# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၃ခုနှစ် ဒိုင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၆၀)၊ ၁၃၈၈ ခုနှစ် ၊ ဝါခေါင်လဆန်း ၁၂ ရက် ၊ ၂၅-၈-၂၀၂၆၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## မန္တလေး-မတ္တရာ ရထားလမ်းပိုင်းရှိ သူရဲဈေး-တောင်ပြုံး၊ တောင်ပြုံး-သူရဲဈေး ရထားခရီးစဉ် ခရီးသည်စီးနင်းမှုများပြားသဖြင့် ရထားတိုးချဲ့ပြေးဆွဲ

နေပြည်တော် ဩဂုတ် ၂၄

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရန် မ-၄၁၊ မ-၄၃ သူရဲဈေး-တောင်ပြုံးနှင့် မ-၄၂၊ မ-၄၄ တောင်ပြုံး-သူရဲဈေး ရထားခရီးစဉ်အား ရိုးရိုးတန်းခြောက်တွဲ၊ ဘရိတ်တွဲနှစ်တွဲ စုစုပေါင်းရှစ်တွဲဖြင့် တွဲဆိုင်းဖွဲ့ဆင်ပြီး ဩဂုတ် ၁၉ ရက်မှစတင်၍ ပြေးဆွဲပေးလျက်ရှိရာ တောင်ပြုံးပွဲတော်ကာလအတွင်း ရထားစီးခရီးသည် စီးနင်းမှုများပြားသဖြင့် ဩဂုတ် ၂၂ ရက်မှစတင်၍ မ-၄၅ နှင့် မ-၄၆ ရထားနှစ်စင်း ထပ်မံတိုးချဲ့ပြီး တစ်နေ့လျှင် အစုန်/အဆန်ရထားခရီးစဉ် ခြောက်ခေါက် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၃ သို့ ☆



### ယနေ့ဖတ်စရာ အညွှန်း


**အီလီမန်အန်ဒီယာယီကို ခေါ်ယူရန် အာဆင်နယ်အသင်း စီစဉ်**

စာမျက်နှာ ၁၁

**အောင်ဘာလေသိန်းဆုဌာနခွဲက ထီလက်မှတ်အကွက်ရာ တိုးမြှင့်ရောင်းချ၍ ထီဈေးနှုန်းများ ကျဆင်း**

စာမျက်နှာ ၁၃

**အာဖရိက ဝက်အပြင်းဖျားရောဂါ ဖြစ်ပွားနေချိန် ပြည်သူများသိထားသင့်သည့် ကျန်းမာရေးအသိပညာ (ဆောင်းပါး)**

စာမျက်နှာ ၁၄


## ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲ ၃၃၁၂ ဧက စိုက်ပျိုးမည်

ပွင့်ဖြူ ဩဂုတ် ၂၄

မကွေးတိုင်းဒေသကြီး ၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲသီးနှံ ၃၃၁၂ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲ ၃၃၁၂ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါ စားတော်ပဲစိုက်ပျိုးခြင်းကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ပြီး လျာထားစိုက်ဧက ပြည့်မီစေရေး တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

" ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ စားတော်ပဲ ၃၃၁၂ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ အဲ့ဒီစားတော်ပဲသီးနှံကို လျာထားစိုက်ဧက ပြည့်မီအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တောင်သူတွေကိုလည်း စားတော်ပဲ စိုက်ပျိုးတာနဲ့ ပတ်သက်ပြီး အထွက်နှုန်းတိုးတက်စေရေး အပင်အားဆေးနဲ့ မြေဩဇာ စနစ်တကျသုံးစွဲတတ်အောင်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းတွေ ထိထိရောက်ရောက်ဆောင်ရွက်နိုင်အောင် လိုအပ်တဲ့ တောင်သူအသိပညာပေးတာတွေ ဆောင်ရွက်ပေးသွားပါမယ်။ စားတော်ပဲက ပြည်တွင်းစားသုံးမှုများတဲ့ သီးနှံဖြစ်ပြီး ဈေးကွက်ရှိတဲ့အတွက် တောင်သူတွေက

စာမျက်နှာ ၃ သို့ ✱



## လေဖိအားနည်းရပ်ဝန်း အခြေအနေ

နေပြည်တော် ဩဂုတ် ၂၄

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ်မြောက်ပိုင်း၊ ဂျက်ခမ်းပြည်နယ်နှင့် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတို့တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဂျက်ခမ်းပြည်နယ်နှင့် ဩရိဿပြည်နယ် မြောက်ပိုင်းတို့ကို စတင်ဖြတ်ကျော်လျက်ရှိသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ဂျက်ခမ်းပြည်နယ်နှင့် ဩရိဿပြည်နယ် မြောက်ပိုင်းတို့ကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၂၄

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။ **မိုး/ဇလ**

## ATOM က ထူးချွန်ကျောင်းသား ကျောင်းသူ ၁၀ ဦးအတွက် ‘Bright Futures’ ပညာသင်ဆု မိတ်ဆက်

ရန်ကုန် ဩဂုတ် ၂၄

ငွေကြေးအခက်အခဲကြောင့် တက္ကသိုလ်ပညာရေး ဆက်လက်သင်ယူရန်အခက်အခဲရှိနေသည့် ထူးချွန်ကျောင်းသားကျောင်းသူများအတွက် ATOM က ‘Bright Futures’ ပညာသင်ဆုအစီအစဉ်ကို မိတ်ဆက်လိုက်ပြီး ပညာသင်ဆုရရှိသူ ၁၀ ဦးအား လစဉ်ထောက်ပံ့ကြေးနှင့် ပညာရေးဆိုင်ရာ ကုန်ကျစရိတ်များ ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

စာမျက်နှာ ၃ သို့ ○

၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၅ ရက်၊ အင်္ဂါနေ့။
မန္တလေးနေ့စဉ်

## မြန်မာ့ရိုးရာအစားအစာများကို ကမ္ဘာ့အလယ်တွင် ပိုမိုထင်ရှားကျော်ကြားလာစေရန် ဆောင်ရွက်လျက်ရှိ

မြန်မာ့ရိုးရာအစားအစာများကို ကမ္ဘာ့အလယ်တွင် ပိုမိုထင်ရှားကျော်ကြားလာစေရန်၊ မြန်မာ့ရိုးရာအစားအစာများကို အခြေခံပြီး နိုင်ငံတကာခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရေး မြှင့်တင်ဆွဲဆောင်နိုင်ရန်နှင့် မြန်မာ့ရိုးရာအစားအစာများကို နိုင်ငံတကာအဆင့်မီ တည်ခင်းဧည့်ခံနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ယဉ်ကျေးမှုဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (မန္တလေးဂုန်)တို့ ပူးပေါင်းကျင်းပသည့် မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့် ပြပွဲ -၂၀၂၆ (မန္တလေး) (Tastes of the Golden Land 2026 Mandalay) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၂ ရက်နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ မန္တလေးကွန်ဗင်းရှင်းစင်တာ၌ ကျင်းပခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကားပြောကြားရာတွင် နိုင်ငံတကာခရီးသွားလုပ်ငန်းနယ်ပယ်တွင် အစားအသောက်နှင့် ပတ်သက်သည့် ခရီးသွားလုပ်ငန်းပုံစံများ ရေပန်းစားလာခြင်းနှင့်အတူ တိုင်းရင်းသားပေါင်းစုံတို့ စုစည်းနေထိုင်ကြသည့် မိမိတို့နိုင်ငံတွင်လည်း ဒေသအလိုက်၊ လူမျိုးအလိုက် မတူကွဲပြားသည့် ယဉ်ကျေးမှုများရှိသကဲ့သို့ ထူးခြားပြီးဆွဲဆောင်မှုရှိသည့် အစားအစာပုံစံမျိုးစုံလည်းရှိနေပါကြောင်း၊ ယင်းသည် ယနေ့နိုင်ငံတကာတွင် ခေတ်စားနေသည့် Gastronomy Tourism ကို မိမိတို့နိုင်ငံ၌ ဆောင်ရွက်နိုင်ရန် အလားအလာကောင်းများစွာရှိနေသည်ဟုဆိုနိုင်ပါကြောင်း၊ ယခုလို မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့် ပွဲတော်များ စီစဉ်ကျင်းပခြင်းသည် မြန်မာတို့၏ ရိုးရာအစားအစာများကို နိုင်ငံတကာအဆင့်မီ တည်ခင်းဧည့်ခံနိုင်ရန်အပြင် မြန်မာ့ရိုးရာအစားအစာများကို ကမ္ဘာက သိအောင် မြှင့်တင်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းတစ်ခုလည်း ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုလိုအစီအစဉ်များကို လုပ်သင့်လုပ်ထိုက်သည့်နေရာများတွင် နှစ်စဉ်ကျင်းပပြုလုပ်နိုင်ရန် အစီအမံများ စနစ်တကျပြင်ဆင်ပြီး နောင်နှစ်များတွင် နိုင်ငံတကာခရီးသွားများကိုပါ ဖိတ်ခေါ်နိုင်သည်အထိ ဆောင်ရွက်သွားကြရန်ကိုလည်း တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့်ပြပွဲသည် ထူးခြားသည့် ရိုးရာဟင်းလျာများ၊ ဒေသထွက်ကုန်များနှင့် ခေတ်မီအချက်အပြုတ် ဖန်တီးမှုများကို ပိုမိုကျယ်ပြန့်စွာ ဖော်ထုတ်ပြသနိုင်မည့် အခွင့်အလမ်းတစ်ခုဖြစ်ခဲ့သည်။ ယဉ်ကျေးမှုအမွေအနှစ်များ ကိန်းဝပ်တည်ရှိရာ မြန်မာ့အနုပညာနှင့် လက်မှုပညာတို့၏ ဗဟိုချက်ဖြစ်သည့် ယဉ်ကျေးမှုမြို့တော် မန္တလေး၌ ဒုတိယအကြိမ်အဖြစ် ဆက်လက်ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့ရိုးရာအစားအစာများကို အနုပညာမြောက်စွာဖြင့် အရသာရှိရှိ တီထွင်ဆန်းသစ်ချက်ပြုတ်ခြင်းဖြင့် မြန်မာ့ရိုးရာအစားအစာယဉ်ကျေးမှုကို ကမ္ဘာက သိအောင် မီးမောင်းထိုးပြနိုင်မည်ဖြစ်သည်။

မြန်မာ့ရိုးရာအစားအစာများကို ကမ္ဘာ့အလယ်တွင် ပိုမိုထင်ရှားကျော်ကြားလာစေရန် ဆောင်ရွက်လျက်ရှိရာတွင် ပထမအကြိမ် ရန်ကုန်မြို့၌ အောင်မြင်စွာကျင်းပနိုင်ခဲ့သလို ဒုတိယအကြိမ် မန္တလေးမြို့၌ကျင်းပသည့် အစားအစာပြိုင်ပွဲနှင့် ပွဲတော်မှတစ်ဆင့် အထက်မြန်မာပြည်၏ ကြွယ်ဝလှသည့် ရိုးရာအစားအစာများ ပိုမိုထင်ရှားပေါ်လွင်လာပြီး မြန်မာ့ခရီးသွားလုပ်ငန်းနှင့် ဒေသတွင်းစီးပွားရေးတိုးတက်မှုကို အဓိကအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကား ပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## လွန်းရောင်စဉ်နိဒါန်း အမျိုးသမီးပန်းချီပြပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၄**

ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်မှ အမျိုးသမီးပန်းချီဆရာမ ၁၂၁ ဦး၏ "လွန်းရောင်စဉ် နိဒါန်း" အမျိုးသမီးပန်းချီပြပွဲကို ဩဂုတ် ၂၆ ရက်မှ ၃၁ ရက်အထိ ရန်ကုန်မြို့၊ ဗိုလ်တစ်ထောင်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ ဝန်ကြီးများရုံးရှိ Mula Art Gallery ပြခန်း၌ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ပြသသွားမည်ဖြစ်ရာ မည်သူမဆို ဝင်ရောက်ကြည့်ရှုနိုင်သည်။

လွန်းရောင်စဉ် နိဒါန်းအမည်မှာ ရက်ကန်းစင်ပေါ်ရှိ နီ၊ ဝါ၊ ပြာ၊ စိမ်း၊ လိမ္မော် စသည့် ချည်ရောင်စုံများဖြင့် လှပစွာ လွန်းကလေးများက ရက်ကန်းရက်ကာ မြန်မာ့ရိုးရာ လှပသောရောင်စုံအချိတ်ဆင်များ ရက်နိုင်သလိုပင် အမျိုးသမီးပန်းချီဆရာမ တစ်ရာကျော်၏ သက်တံ့ရောင်စဉ် ပန်းချီဆေးရေးဖြင့် ရေးခြယ်ထားပါကြောင်း၊ ဆီဆေး၊ ရေဆေး၊ အခရိုင်းလစ် စသည့် မီဒီယမ်အစုံ မြန်မာ့သဘာဝ တောတောင်ရေမြေရှုခင်းများ၊ ပန်းအလှများ၊ အတွေးအခေါ်ဆန်းသစ်သော မော်ဒန်ပန်းချီကားများ ပြသသွားမည်ဖြစ်ကြောင်း ပန်းချီဆရာမ နှင်းဒါလီအောင်က ပြောသည်။

ပန်းချီဆရာမတစ်ဦးလျှင် ပန်းချီကားတစ်ကားနှုန်းဖြင့် စုစုပေါင်း ၁၂၁ ကား ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဇ၁)

## မိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးသင်တန်း ဖွင့်လှစ်

**ဝမ်းတွင်း ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးတွင် မိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးသင်တန်းကို ယနေ့နံနက်ပိုင်းက ဖွင့်လှစ်ခဲ့ရာ ကျေးရွာအုပ်စု (၁၁)အုပ်စုမှ တောင်သူ ၅၅ ဦး တက်ရောက်ကြသည်။

ရေးဦးစွာ မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိုးမိုးငွေက သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးကနေဒီထွန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ၊ ပန်းတိုင်သီးနှံများ ကျေးရွာအုပ်စု သတ်မှတ်၍ ပန်းတိုင်ရရှိရေး၊ မျိုး၊ မြေ၊ ရေ၊ နည်းအလိုက် ပညာပေးဆောင်ရွက်နေမှုများ၊ ဒေသတွင်း ဆန်၊ ဆီ၊ ပဲ ဖူလုံရေး၊ နွေစပါးနှင့် ဆောင်းနှမ်း တိုးချဲ့ဆောင်ရွက်နေသည့် အစီအမံများကို တောင်သူများအား ချပြဆွေးနွေးခဲ့သည်။ ခရိုင် မျိုးစေ့တာဝန်ခံ ဒေါ်စန္ဒာထွန်းက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ခေါင်နှံရွေးချယ်နည်း၊ ဆင်းရှေကြာမျိုးရွေးချယ် အဆင့်မြှင့်တင်ခြင်း၊ ခရိုင်မြေတာဝန်ခံ ဒေါ်စန်းစန်းငွေက နွေထယ်ရေးခံခြင်း၊ သစ်စိမ်းမြေဩဇာသုံးစွဲခြင်း၊ သဘာဝမြေဩဇာနှင့် ယူရီးယားရောစပ်အသုံးပြုခြင်း၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်သင်းမြတ်ခိုင်က ပိုးမွှားရောဂါကျရောက်မှုကင်းထောက်နည်းများ၊ IPM ကာကွယ်နည်းများကို ပို့ချပေးခဲ့သည်။



ဆက်လက်၍ မိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေး သင်တန်းတက်ရောက်လာကြသော တောင်သူများက သိလိုသည်များ မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။(ဝဲပုံ)

**အောင်ရဲကျော်**

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

**ကျန်းမာရေးဝန်ကြီးဌာန**

**အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ**

**၂၀၂၆ ခုနှစ်၊ ဩဂုတ်လ**

| | |
|---|---|
| ပထမပတ် | - မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | - ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

## ပြည်ထောင်စုဝန်ကြီးဌာနအမည် ပြောင်းလဲသတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၅ / ၂၀၂၆

၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်

( ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက် )

**ပြည်ထောင်စုဝန်ကြီးဌာနအမည် ပြောင်းလဲသတ်မှတ်ခြင်း**

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၂၁၂၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအား **ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန**အဖြစ် အမည်ပြောင်းလဲ သတ်မှတ်လိုက်သည်။

(ပုံ) မင်းအောင်လှိုင်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဆန်နှင့် ဆီ ချီးမြှင့်ထောက်ပံ့

နေပြည်တော် ဩဂုတ် ၂၄

ပြည်ထောင်စုလွှတ်တော်နာယက မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးကိုယ်စားပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဂျဲန်ဖန်နော်တောင်သည် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံးဝန်ထမ်းများအား ယနေ့နံနက်ပိုင်းတွင် တွေ့ဆုံ၍ အခြေခံစားသောက်ကုန်များ ချီးမြှင့်ထောက်ပံ့သည်။

တွေ့ဆုံပွဲတွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန်(၆)ချက်၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ် (၁၀)ပါးအတိုင်း ကျင့်ကြံနေထိုင်ရန်၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအတိုင်း နိုင်ငံတော်နှင့်ပြည်သူတို့အကျိုးကို ရှေးရှုဆောင်ရွက်ရန် မှာကြားပြီး ပြည်ထောင်စုလွှတ်တော် နာယကကိုယ်စား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံးဝန်ထမ်းများအတွက် ဆန်နှင့်ဆီ ချီးမြှင့်ထောက်ပံ့ပေးအပ်သည်။

တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌဦးဌေးအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်



○ ATOM မှ

အက်တမ်(ATOM)၏ 'Bright Futures' ပညာသင်ဆုအတွက် လျှောက်လွှာများကို ဩဂုတ် ၁၄ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ လက်ခံသွားမည်ဖြစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ကျောင်းသား ကျောင်းသူများသည် အက်တမ် (ATOM) ၏ Facebook၊ Website နှင့် LinkedIn တို့မှတစ်ဆင့် အလွယ်တကူ ရယူနိုင်သည့် ATOM's "Bright Futures" Scholarship Program တရားဝင် လျှောက်လွှာပုံစံဖြင့် လျှောက်ထားနိုင်ကြောင်း၊ ယင်းလျှောက်ထားသူများထဲမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ ၁၀ ဦးအား ရွေးချယ်၍ စာသင်ကုန်ကျစရိတ်များအတွက် လစဉ်ထောက်ပံ့ကြေး မြန်မာကျပ်ငွေ သုံးသိန်းအပြင် ကျောင်းလခ၊ စာအုပ်စာတမ်းစရိတ်များအတွက် နှစ်စဉ်ထောက်ပံ့ကြေး မြန်မာကျပ်ငွေ ငါးသိန်း ပါဝင်သည့် ပညာသင်ဆုများကို ပေးအပ်သွားမည်ဖြစ်သည်။ "လူငယ်တိုင်းဟာ ဘယ်လိုပဲ ငွေကြေးအခက်အခဲတွေရှိနေပါစေ မိမိတို့ရဲ့ အိပ်မက်တွေကို အကောင်အထည်ဖော်ခွင့်နဲ့ ထိုက်တန်ပါတယ်"ဟု ATOM ၏ အမှုဆောင်အရာရှိချုပ် Mr. Ahmad Abdallah က ပြောကြားထားသည်။




ATOM ၏ 'Bright Futures Scholarship Program အသိပေး ပိုစတာကို တွေ့ရစဉ်။

ပညာသင်ဆုရရှိသူများကို ငွေကြေးလိုအပ်ချက် အထောက်အထား၊ ပညာရေးဆိုင်ရာ ထူးချွန်မှုနှင့် အရည်အချင်းစစ်ဆေးမှုအတွက် လိုအပ်သည့် စာရွက်စာတမ်းများအပေါ် မူတည်၍ ပွင့်လင်းမြင်သာသည့် စိစစ်ရွေးချယ်မှုလုပ်ငန်းစဉ်ဖြင့် ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ခံရသည့် ကျောင်းသားကျောင်းသူများအနေဖြင့် စာသင်နှစ်တစ်လျှောက် ကောင်းမွန်သည့် ပညာရေးရလဒ်များကို ထိန်းသိမ်းထားရန်၊ စာသင်နှစ်တစ်ခုစီကို အောင်မြင်စွာပြီးမြောက်ရန်နှင့် ပညာသင်ဆု၏ သတ်မှတ်စည်းမျဉ်းများကို လိုက်နာရန် လိုအပ်မည်ဖြစ်သည်။ ပညာသင်ဆုရရှိသူများကို နိုဝင်ဘာလတွင် ရန်ကုန်မြို့ရှိ ATOM ရုံးချုပ်၌ ကျင်းပမည့် ပညာသင်ဆုပေးအပ်ပွဲ အခမ်းအနားတွင် တရားဝင်ကြေညာပေးသွားမည်ဖြစ်ပြီး အခမ်းအနား တက်ရောက်နိုင်ရေးအတွက် ခရီးစရိတ်များကိုလည်း ATOM က ပံ့ပိုးပေးသွားမည်ဖြစ်သည်။

အက်တမ်(ATOM) ၏ ကော်ပိုရိတ်ရေးရာ အရာရှိချုပ် ဦးသိန်းဟုတ် ကလည်း အက်တမ် (ATOM) ရဲ့ 'Bright Futures' ပညာသင်ဆု အစီအစဉ်ဟာ အနာဂတ်ခေါင်းဆောင်မှု အခန်းကဏ္ဍတွေမှာ တာဝန်ထမ်းဆောင်ကြမယ့် မြန်မာလူငယ်တွေနဲ့ အတူ အမြဲတမ်း အတူတကွ ရပ်တည်သွားမယ်ဆိုတဲ့ ကျွန်တော်တို့ရဲ့ ရေရှည်ကတိကဝတ်ကို ဖော်ပြနေတာပဲဖြစ်ပါတယ်"ဟုဆိုသည်။

MT

☆ ရွှေဖုံးမှ

နေ့အလိုက် ရထားစီးခရီးသည် စီးနင်းမှုအနေဖြင့် စတင်ပြေးဆွဲသည့် ဩဂုတ် ၁၉ ရက်က ၄၇၇ ဦး၊ ဩဂုတ် ၂၀ ရက်တွင် ၆၄၅ ဦး၊ ဩဂုတ် ၂၁ ရက်တွင် ၂၉၂၅ ဦး၊ ဩဂုတ် ၂၂ ရက်တွင် ၂၄၁၂ ဦးနှင့် ဩဂုတ် ၂၃ ရက်တွင် ၆၉၃၅ ဦး အထိ လိုက်ပါစီးနင်းခဲ့သဖြင့် စတင်ပြေးဆွဲခဲ့သည့် အချိန်မှ ယနေ့ထိ ခရီးသည် စုစုပေါင်း ၁၃၃၉၄ ဦး လိုက်ပါစီးနင်းခဲ့သည်။

သူ့ရဲဈေး–တောင်ပြုး ရထားခရီးစဉ်တွင် သူ့ရဲဈေးဘူတာမှ စတင်၍ မ–၄၁ ရထားသည် နံနက် ၇ နာရီတွင် လည်းကောင်း၊ မ–၄၃ ရထားသည် နံနက် ၁၀ နာရီခွဲတွင် လည်းကောင်း၊ မ–၄၅ ရထားသည် မွန်းလွဲ ၁ နာရီခွဲတွင်လည်းကောင်း ထွက်ခွာ၍ တောင်ပြုး–သူ့ရဲဈေး ရထားခရီးစဉ်တွင် တောင်ပြုး ဘူတာမှစတင်၍ မ–၄၂ ရထားသည် နံနက် ၉ နာရီ ၄၅ မိနစ်တွင် လည်းကောင်း၊ မ–၄၄ ရထားသည် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ မ–၄၆ ရထားသည် ညနေ ၅ နာရီတွင် လည်းကောင်း ထွက်ခွာပြီး လမ်းခရီးတွင် အိုးဘို၊ မြနန္ဒာ၊ ကပိုင် ဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်သည်။ ရထားလက်မှတ်ခအနေဖြင့် မည်သည့် ဘူတာအတွက်မဆို တစ်ဦးလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူလူထု ရထားဖြင့် ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေး အတွက် အဓိကရထားလမ်းပိုင်းများဖြစ်သည့် ရန်ကုန်–မန္တလေး လမ်းပိုင်း၊ ရန်ကုန်–ပြည်လမ်းပိုင်း၊ ရန်ကုန်–မော်လမြိုင်လမ်းပိုင်းများနှင့် ရန်ကုန် မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းများတွင် သာမက အခြား လမ်းပိုင်းများဖြစ်သော ပုသိမ်–ဟင်္သာတ–ကြံခင်း လမ်းပိုင်း၊ ပျဉ်းမနား–တောင်တွင်းကြီး လမ်းပိုင်း၊ ရန်ကုန် – ပြည် – ပုဂံ လမ်းပိုင်း၊ မြစ်ကြီးနား – မိုးညှင်း လမ်းပိုင်း၊ သာစည် – ရွှေညောင် လမ်းပိုင်းနှင့် လက်ပံတန်း – သာရဝေါလမ်းပိုင်း စသည့်လမ်းပိုင်းများတွင် လူစီးရထားခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိကြောင်းနှင့် သူ့ရဲဈေး–တောင်ပြုး ရထားခရီးစဉ်တွင် ခရီးသည် စီးနင်းမှု ထပ်မံများပြားလာပါက ရထားထပ်တိုး ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။ **သတင်းစဉ်**

* ရွှေဖုံးမှ

နှစ်စဉ် အားထားစိုက်ပျိုးကြပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေ က ပြောသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးရေးဦးစီးဌာနက စားတော်ပဲအပါအဝင် ပဲမျိုးစုံစိုက်ပျိုးတောင်သူများကို အထွက်နှုန်းတိုးတက်ကောင်းမွန်စေရန် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေစနစ်တကျသုံးစွဲရေး၊ ပိုးမွှားရောဂါ မကျရောက်စေရန် ကြိုတင်ကာကွယ်နှိမ်နင်းရေး၊ စိုက်ပျိုးရေးသွင်းအားစုများ မှန်ကန်စွာ သုံးစွဲတတ်စေရေးစသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာ စပ်ဆက်ဌာနများနှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၄၅)

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# အနေဝေးသော်လည်း သွေးမဝေးသည့် ယုံကြည်စိတ်ချအားထားရသော မိတ်ဆွေနိုင်ငံ

မောင်ငြိမ်းအေး



ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ရှိ သမ္မတနန်းတော် အစည်းအဝေးခန်း၌ ဩဂုတ် ၂၁ ရက်က မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ နိုင်ငံတော်အဆင့် တွေ့ဆုံပွဲ ကျင်းပစဉ်။

(ယမန်နေ့မှအဆက်)

ဘယ်လာရုစ်သမ္မတနိုင်ငံသည် ရုရှားနိုင်ငံကဲ့သို့ပင် မိတ်ရင်းဆွေရင်းညီအစ်ကိုသူငယ်ချင်းနိုင်ငံပင်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ရုရှားနိုင်ငံနှင့် ဆုံတွေ့လျှင် ဘယ်လာရုစ်နိုင်ငံလည်း မပါမဖြစ်ပါသလို တစ်သားတည်း အတူလက်တွဲ ရင်းနှီးဆက်ဆံခဲ့ကြသည်။ ရုရှား၊ ဘယ်လာရုစ် သံယောဇဉ်သည် ကြာရှည်လေမြင့်လေ ခိုင်မြဲလာခဲ့သည်။ အနေဝေးသော်လည်း၊ အသွေးအသားမတူသော်လည်း သွေးမဝေးသည့်၊ ယုံကြည်စိတ်ချအားထားရသည့် ထာဝရမိတ်ဆွေ၊ ထာဝရသူငယ်ချင်းနိုင်ငံပင်ဖြစ်သည်။ ငယ်စဉ်က အတူသွားအတူလာခဲ့ကြသော သူငယ်ချင်းများကို သတိရသကဲ့သို့ပင် အခါအခွင့်သင့်တိုင်း မြန်မာနှင့် ဘယ်လာရုစ်နှစ်နိုင်ငံတို့သည် မဖြစ်မနေဆုံတွေ့၍ သူ့နိုင်ငံအကျိုး၊ ကိုယ့်နိုင်ငံအတွက် အကျိုးချင်းထပ် ဖလှယ်လေ့ရှိကြသည်။ အပြန်အလှန် ရိုင်းပင်းကူညီ ဖေးမလေ့ရှိကြသည်။ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ကြသည်။

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုသည် ယခုခရီးစဉ်မတိုင်မီ ပြီးခဲ့သည့် ဇူလိုင်လ ၂ ရက်နေ့က ရှည်လျားသည့် ခရီးစဉ်လမ်းကြောင်းဖြစ်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံတို့သို့ နိုင်ငံတော်အဆင့်ခရီးစဉ် သွားရောက်ခဲ့သည်။ ထိုခရီးစဉ်မှ အပြန်ခရီးတွင် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ခြင်းသည် မြန်မာနိုင်ငံအပေါ် သံယောဇဉ်ကြီးကြီးမားမားရှိသည်မှာ ပေါ်လွင်သည်။ အထူးခင်မင်မှုသဘောဖြင့် မဖြစ်မနေ အလုပ်သဘော တရားဝင်ခရီးအဖြစ် ရောက်ရှိလာခြင်းဖြစ်သည်။ နိုင်ငံတော်သမ္မတနှင့် ဘယ်လာရုစ်သမ္မတတို့သည်မြန်မာနိုင်ငံတွင်ဒုတိယအကြိမ်မြောက်တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး တွေ့ဆုံဆွေးနွေးမှုအနေဖြင့် ယခုဘယ်လာရုစ်နိုင်ငံသို့ ရောက်ရှိခဲ့သည့် တရားဝင်ခရီးစဉ်အပါအဝင် ခုနစ်ကြိမ်မြောက် ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

### မလွဲမသွေဆောင်ရွက်မည်

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်နိုင်ငံ၌ တရားဝင်ခရီးစဉ်ရောက်ရှိခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဩဂုတ် ၂၁ ရက်နေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုက သမ္မတနန်းတော်တွင် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုပြီး ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးခဲ့သည်။ ဘယ်လာရုစ်သမ္မတအနေဖြင့် မြန်မာနိုင်ငံအပေါ်ထားရှိသည့် သဘောထားကို လှိုက်လှိုက်လှဲလှဲ ပြောကြားခဲ့သည်။ ဘယ်လာရုစ်သမ္မတသည် ယမန်နေ့ကလည်း နိုင်ငံတော်သမ္မတနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ပွင့်လင်းစွာဖြင့် လေးလေးနက်နက် ဆွေးနွေးခဲ့သည်။ ယခုတရားဝင် ထပ်မံတွေ့ဆုံဆွေးနွေးပြီး မြန်မာနိုင်ငံနှင့် ပတ်သက်၍ ဆောင်ရွက်လျက်ရှိသည်များကို အထူးအလေးပေးဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံရှိ ပြည်သူများ လူမှုစီးပွားဘဝအတွက် လိုအပ်ချက်များရှိပါက ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဘယ်လာရုစ်နိုင်ငံမှ ပြည်သူများအနေဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်၍ စိတ်ရောကိုယ်ပါ ကူညီဆောင်ရွက်ပေးလိုစိတ်ရှိကြောင်း၊ တွေ့ဆုံဆွေးနွေးချက်များကို မလွဲမသွေ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

### ကန့်သတ်ချက်မထား

နိုင်ငံတော်သမ္မတက နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများအပါအဝင် ကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအရှိန်မြှင့်တင်ဆောင်ရွက်ရန် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အဆွေတော်သမ္မတကြီးက မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး ဘယ်လာရုစ်နိုင်ငံအနေဖြင့် စီးပွားရေး၊ နည်းပညာနှင့် အခြားနယ်ပယ်များအားလုံးတွင် ကန့်သတ်ချက်မထားရှိပါဟု ယခင်က ပြောကြားဖူးကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘယ်လာရုစ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများ အပြည့်အဝရရှိမည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော်သမ္မတကြီးအနေဖြင့် မိမိတို့နိုင်ငံ၏ ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး အသိအမှတ်ပြုချီးကျူးပြောကြားပေးသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မိမိတို့ရွေးကောက်ခံအစိုးရအနေဖြင့်ရော၊ မိမိ၏ ပုဂ္ဂိုလ်ရေးအရရော မိမိတို့နိုင်ငံ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် တည်တည်ငြိမ်ငြိမ်ဖြင့် တိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ကို ပြောကြားလိုကြောင်း၊ မိမိတို့အနေဖြင့် ၂၀၂၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ ထိုအချိန်တွင် နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်သွားမည်ဖြစ်သကဲ့သို့ အဆွေတော်တို့နိုင်ငံမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များကိုလည်း ဖိတ်ခေါ်လိုပါကြောင်း ပြောကြားခဲ့သည်။

### ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်

ဩဂုတ် ၂၁ ရက်နေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံ နိုင်ငံတော်အဆင့် တွေ့ဆုံဆွေးနွေးပွဲကို ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ရှိ သမ္မတနန်းတော် အစည်းအဝေးခန်း၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို တို့တက်ရောက်ဆွေးနွေးကြသည်။ ဆွေးနွေးပွဲတွင် မြန်မာ-ဘယ်လာရုစ် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လမ်းပြမြေပုံ(၂၀၂၆-၂၀၂၈)ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ အာကာသနည်းပညာကဏ္ဍ၊ ပညာရေးနှင့် လူငယ်ကဏ္ဍ၊ ဘဏ္ဍာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ သိပ္ပံနှင့် နည်းပညာကဏ္ဍ၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြား သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများလဲလှယ်ခြင်းအခမ်းအနားပြုလုပ်ရာ နှစ်နိုင်ငံအကြား တရားမနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ဥပဒေရေးရာ အပြန်အလှန်အကူအညီပေးရေးသဘောတူစာချုပ်၊ ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် ဥပဒေပိုင်းဆိုင်ရာ အပြန်အလှန်အကူအညီပေးရေးသဘောတူညီချက်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာ၊ မြန်မာအာကာသအေဂျင်စီအတွက် ကမ္ဘာမြေကိုအဝေးမှ အာရုံခံစောင့်ကြည့်နိုင်သော အာကာသယာဉ်ငယ်တစ်စင်း တည်ဆောက်ရေးဆိုင်ရာ ရည်ရွယ်သည့်မှတ်တမ်းလွှာ၊ မြန်မာအာကာသအေဂျင်စီနှင့် Belarusian State University တို့အကြား သိပ္ပံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စာချွန်လွှာ၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့်နိုင်ငံတကာလေ့လာရေးအဖွဲ့နှင့် The Belarusian Institute of Strategic Research (BISR) တို့အကြား ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် JSC "Development Bank of the Republic of Belarus" တို့အကြား ချေးငွေဆိုင်ရာ မူဘောင်သဘောတူစာချုပ်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)နှင့် ဘယ်လာရုစ်နိုင်ငံ နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် အသံလွှင့်ကုမ္ပဏီတို့အကြား ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်စသည့် နားလည်မှုစာချွန်လွှာနှင့် သဘောတူညီချက်ကိုးခုတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတတို့ ရှေ့မှောက်၌ လဲလှယ်ခဲ့ကြသည်။

### နှစ်နိုင်ငံပူးတွဲကြေညာချက်

ဩဂုတ် ၂၁ ရက်နေ့တွင် မင့်စ်မြို့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတတို့သည် မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်များကို အပြန်အလှန်ပြောကြားကြသည်။ အပြန်အလှန် ပူးတွဲကြေညာချက် အပြန်အလှန်ပြောကြားမှု အနှစ်ချုပ်ကိုကြည့်လျှင် မြန်မာနိုင်ငံအတွက် အကျိုးဖြစ်ထွန်းမှုများစွာကိုတွေ့ရသည်။ ဘယ်လာရုစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို အထောက်အကူပြုသွားမည်။ နှစ်နိုင်ငံကြားတွင်ရှိသည့် ယုံကြည်မှု၊ ခင်မင်ရင်းနှီးမှုကြောင့် နိုင်ငံရေးအရသာမက စီးပွားရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးကို အဆင့်မြှင့်တင်ရန်အတွက် နှစ်နိုင်ငံအကြား သံရုံးများကို ဖွင့်လှစ်သွားမည်။ ပူးပေါင်းဆောင်ရွက်ရေးကို လုပ်ဆောင်ရာတွင် ၂၀၂၆-၂၀၂၈ လမ်းပြမြေပုံကို အခြေခံပြီး ပူးပေါင်းဆောင်ရွက်သွားမည်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊ စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် သိပ္ပံနှင့် နည်းပညာအခန်းကဏ္ဍတွင် စာမျက်နှာ ၅ သို့



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဩဂုတ် ၂၁ ရက်က မင့်စ်မြို့ အမျိုးသားလွှတ်တော်၌ ဘယ်လာရုစ်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor Petrovich Sergeenko နှင့် အထက်လွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Natalya Kochanova တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

❐ စာမျက်နှာ ၄ မှ

ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို လက်တွေ့မြေပြင်တွင် အကောင်အထည်ဖော်နေသည်။ လာမည့်နှစ်တွင် ပိုမိုတိုးတက်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်သည်။

မြန်မာနိုင်ငံတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံမှ ကျောင်းသားများကို ဘယ်လာရုစ်နိုင်ငံတွင်ရှိသည့် တက္ကသိုလ်များတွင် သက်ဆိုင်ရာဘာသာရပ်အလိုက် သင်ကြားပေးသွားမည်။ နှစ်နိုင်ငံ ပါလီမန်အချင်းချင်းဆက်ဆံမှု၊ နှစ်နိုင်ငံ နိုင်ငံရေးပါတီများအကြား ဆက်ဆံမှုကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်။ ဇူလိုင်လ ၈ ရက်နေ့တွင် နှစ်နိုင်ငံ ဗီဇာကင်းလွတ်ခွင့်ကို ဆောင်ရွက်ခဲ့ပြီးနောက်ပိုင်း နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းသာမက အခြားကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကိုရည်ရွယ်ပြီး ဆောင်ရွက်ခြင်းဖြစ်သည်။ လုပ်ဖော်ကိုင်ဖက်ဖြစ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ကို ကျေးဇူးတင်ရှိသည်။ ပုဂ္ဂိုလ်ရေးအရ အားတက်သရော ဆောင်ရွက်ခဲ့သလို မပြောင်းလဲသည့်သဘောတရားနှင့် ယခုအချိန်အထိ ဆက်ဆံပေးသည့်အတွက် ကျေးဇူးတင်ရှိသည်။ ခရီးစဉ်အတွင်း ဆွေးနွေးခဲ့သည့်သဘောတူညီချက်များအားလုံးကို ဘယ်လာရုစ်နိုင်ငံဘက်မှ ဗျူရိုကရက်တစ်ယန္တရားကိုကျော်လွှန်ပြီး အကောင်းဆုံး အကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်မည်ဟု အာမခံကြောင်း သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုက ပြောကြားခဲ့သည်။

**❝ မြန်မာနိုင်ငံတွင် ဘယ်လာရုစ်နိုင်ငံမှ နယ်ပယ်ကဏ္ဍစုံ စီးပွားရေးလုပ်ငန်းရှင်များ၊ အထူးသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုစသည့်ကဏ္ဍများတွင် လာရောက် ရင်းနှီးမြှုပ်နှံရန် ထပ်မံဖိတ်ခေါ်ခဲ့သည်။ မြန်မာနိုင်ငံတွင်ရှိသည့် အထူးစီးပွားရေးဇုန်များအနက် စီးပွားရေးအချက်အချာကျသည့် ရန်ကုန်မြို့ရှိ သီလဝါအထူးစီးပွားရေးဇုန်တွင် ဘယ်လာရုစ်နိုင်ငံအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံရန်ဖိတ်ခေါ် ❞**

### နားလည်မှုစာချွန်လွှာ ကိုးခု

မြန်မာနိုင်ငံအနေဖြင့် နှစ်နိုင်ငံကောင်းမွန်သည့် ဆက်ဆံရေးသည် မကြာသေးမီနှစ်များတွင် အရှိန်အဟုန်ဖြင့် ပိုမိုတိုးတက်လာခဲ့သည်။ နှစ်နိုင်ငံ အကြီးအကဲများအကြား အပြန်အလှန်ခရီးစဉ်များ ရှိခဲ့ပြီး ခေါင်းဆောင်ပိုင်းသာမက အဆင့်အသီးသီးနှင့် နယ်ပယ်အသီးသီးတွင် နီးကပ်သည့်ဆက်ဆံမှုများနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုနက်ရှိုင်းလာခဲ့သည်။

၂၀၂၅ ခုနှစ် မတ်လတွင် နိုင်ငံတော်သမ္မတသည် ဘယ်လာရုစ်နိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ် လာရောက်ခဲ့ပြီး နိုဝင်ဘာလတွင် အဆွေတော် သမ္မတကြီးလည်း မြန်မာနိုင်ငံကို တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ် ပြန်လည်လာရောက်လည်ပတ်ခဲ့သည်။ ခရီးစဉ်များအတွင်း နှစ်နိုင်ငံအနာဂတ် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးအတွက် သဘောတူညီချက်များစွာကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ယခုခရီးစဉ်တွင်လည်း နှစ်နိုင်ငံအကြား သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာ ကိုးခုကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံအကြား နှစ်နိုင်ငံဆက်ဆံရေး အရှိန်အဟုန်ကို ထိန်းသိမ်းထားပြီး ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များ ပိုမိုချဲ့ထွင်နိုင်မည့် အလားအလာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်နိုင်ခဲ့သည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဩဂုတ် ၂၀ ရက်က Grodno မြို့ရှိ Grodno Azot ဓာတ်မြေဩဇာစက်ရုံတွင် ကြည့်ရှုလေ့လာစဉ်။

နှစ်နိုင်ငံအစိုးရအကြားတွင်သာမက လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန် ဆွေးနွေးခဲ့သည်။ ကာကွယ်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ သိပ္ပံနှင့်နည်းပညာ၊ ကျန်းမာရေး၊ ပညာရေး၊ စက်မှု၊ အာကာသအပါအဝင် နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေးနိုင်ခဲ့သည်။ နှစ်နိုင်ငံအကြား ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ပေးရေးဆိုင်ရာ သဘောတူစာချုပ်သည်လည်း ဇူလိုင်လအတွင်း အသက်ဝင်ခဲ့ပြီဖြစ်သည့်အတွက် ခရီးသွားကဏ္ဍတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများနှင့် နှစ်နိုင်ငံပြည်သူများအကြား ကူးလူးဆက်ဆံမှုမြှင့်တင်နိုင်မည့် အလားအလာများကို ဆွေးနွေးနိုင်ခဲ့ကြသည်။ နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန်ထောက်ခံ အမှီသဟဲပြုပြီး ဆက်လက်ရပ်တည်သွားရေးကို ဆွေးနွေးခဲ့သည်။ ယခုခရီးစဉ်အတွင်း ထူးခြားချက်သည် မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို မြန်မာသံရုံးအဖြစ် တရားဝင်အဆင့်မြှင့်တင်နိုင်ခဲ့ပြီး ဖွင့်ပွဲအခမ်းအနား ပြုလုပ်နိုင်ခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း မကြာမီ ဘယ်လာရုစ်သံရုံးကို လာရောက်ဖွင့်လှစ်မည်ဖြစ်၍ ကြိုဆိုလျက်ရှိသည်။ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းကောင်းများရှိသည့် မြန်မာနိုင်ငံတွင် ဘယ်လာရုစ်နိုင်ငံမှ နယ်ပယ်ကဏ္ဍစုံ စီးပွားရေးလုပ်ငန်းရှင်များ၊ အထူးသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုစသည့်ကဏ္ဍများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ထပ်မံဖိတ်ခေါ်ခဲ့သည်။ မြန်မာနိုင်ငံတွင်ရှိသည့်အထူးစီးပွားရေးဇုန်များအနက် စီးပွားရေးအချက်အချာကျသည့် ရန်ကုန်မြို့ရှိ သီလဝါအထူးစီးပွားရေးဇုန်တွင် ဘယ်လာရုစ်နိုင်ငံအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ခဲ့သည်။

### ကူညီထောက်ခံဆောင်ရွက်

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့တွင် တရားဝင်ခရီးစဉ်ရောက်ရှိခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဩဂုတ် ၂၁ ရက်နေ့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor Petrovich Sergeenko နှင့် အထက်လွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Natalya Kochanova တို့အား မင့်စ်မြို့ရှိ အမျိုးသားလွှတ်တော်၌ ပူးတွဲတွေ့ဆုံဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံသည် ဘယ်လာရုစ်နိုင်ငံ၏ အရှေ့တောင်အာရှတွင် ယုံကြည်စိတ်ချရသည့် မိတ်ဆွေနိုင်ငံတစ်ခုဖြစ်မှုနှင့် နိုင်ငံ့ခေါင်းဆောင်အချင်းချင်း ချစ်ကြည်ရင်းနှီးပြီး အပြန်အလှန်ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာကောင်းမွန်လျက်ရှိမှု၊ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆိုင်ရာလမ်းပြမြေပုံ(၂၀၂၆-၂၀၂၈)ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့မှု၊ နှစ်နိုင်ငံပြည်သူများ၏ အကျိုးအတွက် နှစ်နိုင်ငံနှင့် လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန် ကူညီထောက်ခံဆောင်ရွက်ပေးလျက်ရှိမှုတို့ကို ဆွေးနွေးခဲ့သည်။

ဘယ်လာရုစ်နိုင်ငံတွင် ရွေးကောက်ပွဲကျင်းပစဉ်က မြန်မာနိုင်ငံမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ လာရောက်လေ့လာခဲ့သကဲ့သို့ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပချိန်ကလည်း ဘယ်လာရုစ်နိုင်ငံမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ စေလွှတ်လေ့လာခဲ့မှုနှင့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့မှုအပေါ် ဘယ်လာရုစ်လွှတ်တော်အနေဖြင့် ဝမ်းမြောက်ဂုဏ်ယူမှု၊ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရေးအဖွဲ့ကို ဖွဲ့စည်းထားရှိမှု၊ လွှတ်တော်နှစ်ရပ်အကြားအပြန်အလှန် လေ့လာရေးခရီးစဉ်များ ဆောင်ရွက်သွားမည့်အခြေအနေများ၊ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား အဖွဲ့အစည်းများ၊ လူငယ်လူရွယ်နှင့် အမျိုးသမီးရေးရာအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင် ဆောင်ရွက်သွားမည့်အခြေအနေနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးနှင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

### ဓာတ်မြေဩဇာတင်ပို့ရေး

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ တရားဝင်ခရီးစဉ်ရောက်ရှိခဲ့သည့် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ဩဂုတ် ၂၀ ရက် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် မင့်စ်မြို့မှ Grodno မြို့ရှိ Grodno Azot ဓာတ်မြေဩဇာစက်ရုံသို့ ရဟတ်ယာဉ်များဖြင့် သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် Grodno မြို့ လေဆိပ်သို့ရောက်ရှိကြရာ Grodno ပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Yuri Khadzhimuratovich နှင့် အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြပြီး Grodno Azot ဓာတ်မြေဩဇာစက်ရုံသို့ သွားရောက်ကြသည်။ စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံအထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများက စက်ရုံ၏သမိုင်းကြောင်း၊ စက်ရုံလုပ်ငန်းဆောင်ရွက်လျက်ရှိမှု၊ လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုသင်တန်းများသင်ကြားပေးနိုင်မှု၊ နှစ်အလိုက် ဓာတ်မြေဩဇာများထုတ်လုပ်နိုင်မှု၊ စက်ရုံမှ ဘယ်လာရုစ်နိုင်ငံ၏ပြည်တွင်းစားရေရိက္ခာဖူလုံရေး စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော ဓာတ်မြေဩဇာများ ထုတ်လုပ်လျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများသို့လည်း တင်ပို့ရောင်းချလျက်ရှိမှု၊ ဓာတ်မြေဩဇာစက်ရုံမှ အခြားထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်လျက်ရှိမှု၊ ဈေးကွက်လိုအပ်ချက်ရှိသည့် နိုင်လွန်ကြိုးနှင့် အခြားဆက်စပ်ပစ္စည်းများ ထုတ်လုပ်လျက်ရှိမှု၊ ဈေးကွက်သို့ဖြန့်ခွဲရောင်းချလျက်ရှိမှုနှင့် မြန်မာနိုင်ငံသို့ ဓာတ်မြေဩဇာများတင်ပို့နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ Grodno Azot ဓာတ်မြေဩဇာစက်ရုံသည် ဘယ်လာရုစ်နိုင်ငံ ဂရော့ဒ်နိုမြို့ (Grodno) တွင် တည်ရှိပြီး ၁၉၆၃ ခုနှစ်ကတည်းက စတင်လည်ပတ်ခဲ့သော ဥရောပတိုက်၏ အကြီးဆုံး နိုက်ထရိုဂျင်အခြေခံဓာတ်မြေဩဇာနှင့် ဓာတုပစ္စည်းထုတ်လုပ်ရေး နိုင်ငံပိုင်စက်ရုံကြီးတစ်ခုဖြစ်သည်။ အဆိုပါစက်ရုံသည် အမိုးနီးယား (Ammonia)၊ ယူရီးယား (Urea)နှင့် နိုက်ထရိုဂျင် ဓာတ်မြေဩဇာအမျိုးမျိုးကို အဓိကထုတ်လုပ်ပြီး ပြည်တွင်းစိုက်ပျိုးရေးကဏ္ဍကို ပံ့ပိုးပေးနေသည့်အပြင် ကမ္ဘာ့နိုင်ငံပေါင်းများစွာသို့လည်း တင်ပို့နေသည့် ဘယ်လာရုစ်နိုင်ငံ၏ စီးပွားရေးဆိုင်ရာ အရေးပါသော စက်ရုံကြီးတစ်ခုဖြစ်သည်။ (ဆက်လက်ဖော်ပြပါမည်)

## စပါးခွံဇီဝမီးသွေး (Biochar) ပြုလုပ်သုံးစွဲနည်း တောင်သူနည်းပညာပေးသရုပ်ပြ

**မြစ်သား ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနမှ သဘာဝမြေဩဇာသုံးစွဲမှုတိုးမြှင့်ရန်နှင့် ဓာတ်မြေဩဇာသုံးစွဲမှုကို လျှော့ချရန် ရည်ရွယ်၍ စပါးခွံဇီဝမီးသွေး (Biochar) ပြုလုပ်သုံးစွဲနည်း တောင်သူနည်းပညာပေး သရုပ်ပြပွဲကို ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီက ရွာသစ်ကျေးရွာ၊ ရာသာချိုကြက်သွန်ကြော်အလုပ်ရုံဝင်းအတွင်း၌ သရုပ်ပြသခဲ့သည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထိန်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစံအောင်က အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်းက စပါးခွံဇီဝမီးသွေး (Biochar) ပြုလုပ်သုံးစွဲနည်းများ အကြောင်းဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများက တောင်သူများအား စိုက်ပျိုးရေးသုံးဆေးများ ပေးအပ်ခဲ့ပြီး စပါးခွံဇီဝ မီးသွေး (Bio-char) ပြုလုပ်သုံးစွဲနည်းနှင့် စပါးခွံပေါင်းခံရည်ရယူခြင်းတို့ကို လက်တွေ့ပြုလုပ်ပြသခြင်းနှင့် သုံးစွဲရခြင်း၏အကျိုးကျေးဇူးများကို အကျယ်တဝင့် ပညာပေး ဆွေးနွေးပြီး တက်ရောက်လာကြသည့် ဒေသခံတောင်သူများက သိလိုသည်များ မေးမြန်းရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်းသိရသည်။

**ဝါဝါမြင့်(မြစ်သား)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ

# မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူး၍ မန္တလေးမြို့ပေါ် (၇)မြို့နယ်ရှိ ကျောင်းတိုက်များ၌ ဝါဆိုဝါကပ်တော်မူကြသည့် ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၄၉၆၂၁ ပါးအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကြက်သွန်နီ၊ ကုလားပဲ လှူဒါန်းပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူး၍ ၂၀၂၆ ခုနှစ်၊ မန္တလေးမြို့ပေါ် ၇ မြို့နယ်ရှိ ကျောင်းတိုက်များ၌ ဝါဆိုဝါကပ်တော်မူကြသည့် ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၄၉၆၂၁ ပါးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကြက်သွန်နီ၊ ကုလားပဲ လှူဒါန်းပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့် ကျော် ၉ ရက်၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၆ ရက်တွင် အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန် (အတုမရှိ)ကျောင်းတော်ကြီးတွင် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊လုပ်ငန်းကော်မတီများအနေဖြင့် အစည်းအဝေးမှ ဆုံးဖြတ်ချက်များကို လုပ်ငန်းကဏ္ဍများအလိုက် အဆင်ပြေချောမွေ့စွာဖြင့် အောင်မြင်စွာ ပြီးစီးရေး အလေးထားကာ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။






၎င်းနောက် လုပ်ငန်းကော်မတီများအလိုက် တာဝန်ရှိသူများက ဆောင်ရွက်သွားမည့် အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပြောကြားကြပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀

## လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ဝိုင်း၊ ဟောပြောပွဲ၊ ပြိုင်ပွဲများ၊ ပြပွဲများနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မန္တလေးခရိုင်၊ လူထုအခြေပြုဗဟိုဌာန Community Centre ခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီက စာဖတ်ဝိုင်း၊ မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပြပွဲများ ကျင်းပခဲ့သည်။

ရှေးဦးစွာ စာဖတ်ဝိုင်းတွင် မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းနှင့် ဦးစီးအရာရှိ ဒေါ်ခင်စောလွင်တို့က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အသိဗဟုသုတများ တိုးပွားလာစေရန် စာပေ၏ အကျိုးကျေးဇူးများ ရရှိစေရန် ရည်ရွယ်၍ "စာဖတ်ခြင်း၏ အကျိုးကျေးဇူး" ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားခဲ့ပြီး မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအသိပညာပေးဟောပြောခဲ့သည်။ (အောက်ဝဲပုံ)

ယင်းနောက် ပြိုင်ပွဲတွင် ပြည်ကြီးတံခွန်မြို့နယ် အမှတ် (၂၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၁၆ ဦးက "မူးယစ်ဆေးဝါး" ခေါင်းစဉ်ဖြင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ယခင်အပတ်က "စာဖတ်ခြင်း၏ အကျိုးကျေးဇူး" ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် ကျောင်းသူ သုံးဦးအား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းနှင့် ဦးစီးအရာရှိ ဒေါ်ခင်စောလွင်တို့က ကျောင်းသုံးဗလာစာအုပ်နှင့် ဘောလ်ပင်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသ စာအုပ်၊ စာစောင်များ၊ အသိပညာပေးနံရံကပ်စာစောင်များကို ပြသခဲ့ရာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားကြည့်ရှုလေ့လာခဲ့ပြီး မူးယစ်ဆေးဝါးအသိပညာပေး သတင်းစကားလက်ကမ်းစာစောင်များကို ကျောင်းသူ၊ ကျောင်းသားများထံ လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

စင်မင်းမောင်(ပြန်/ဆက်)





## မြန်မာအီလက်ထရောနစ် မဲပေးစက် ပြုပြင်ထိန်းသိမ်းခြင်း ဆင့်ပွားသင်တန်းဖွင့်

**မန္တလေး ဩဂုတ် ၂၄**

မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ပြုပြင်ထိန်းသိမ်းခြင်း ဆင့်ပွားသင်တန်းကို ယနေ့တွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်(ရုံးဟောင်း) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (အပေါ်ပုံ)

ဦးစွာ မန္တလေးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲဥက္ကဋ္ဌ ဦးကျော်သန်းထွန်းက ကော်မရှင်အဖွဲ့ခွဲရုံးအသီးသီးရှိ ဝန်ထမ်းများအား အီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်း၍ ကျွမ်းကျင်မှုရှိစေရန်၊ မဲပေးစက်စစ်ဆေးပြုပြင်ထိန်းသိမ်းမှုများကို ကိုယ်တိုင်စဉ်ဆက်မပြတ် ဆောင်ရွက်သွားနိုင်ရန်နှင့် သက်ဆိုင်ရာ မြို့နယ်များအလိုက် ကျွမ်းကျင်သော ဝန်ထမ်းများ ရရှိစေရန် ရည်ရွယ်၍ ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ဆင့်ပွားသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၃၂ ဦး တက်ရောက်ကြပြီး ဩဂုတ် ၂၄ ရက်မှ ၂၈ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-စ)

## နတ်မောက်မြို့နယ်၊ အေးမြသာစည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ မ,တည်ရန်ပုံငွေ ထုတ်ချေးပေး

**နတ်မောက် ဩဂုတ် ၂၄**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ အေးမြသာစည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ မ,တည်ရန်ပုံငွေထုတ်ချေးပေးခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက ကျေးရွာရှိ ကော်မတီအဖွဲ့ဝင်တစ်ဦး၏ နေအိမ်၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းခြင်းနှင့် မိသားစုတစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများကို ယခင်ကထက် ပိုမိုလုပ်ကိုင်ဆောင်ရွက်စေလိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။ ထို့နောက် မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များက အေးမြသာစည်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦးအား ငွေကျပ် သန်း ၂၀ ကို သက်သာသော အတိုးနှုန်းဖြင့် ကျေးရွာရှိ ပြည်သူများအား တစ်ဦးချင်း လက်ဝယ်အရောက်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ (အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## မိုင်းယောင်းမြို့နယ်အတွင်း မှုခင်းကျဆင်းရေးဆောင်ရွက်


**မိုင်းယောင်း ဩဂုတ် ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်အတွင်း မှုခင်းကျဆင်းရေးနှင့် ဒုစရိုက်မှုများ ကင်းစင်ရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ကို၏ ကြီးကြပ်မှုဖြင့် မိုင်းယောင်း မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက နေ့ညမပြတ်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ယမန်နေ့က နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်တင်ဖေ ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးအဖွဲ့ဝင်များ၊ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ မြို့နယ်အတွင်း ခိုး၊ ဆိုး၊ လု၊ နှိုက်မှုများ မဖြစ်ပွားရေး လှည့်ကင်း၊ ဝပ်ကင်း၊ ပိတ်ဆို့ရှာဖွေရေး စသည့်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အရှေ့အလယ်ပိုင်းအရေးဆွေးနွေးမှုများ ပြန်လည်စတင်ရန် တရုတ်နိုင်ငံခြားရေးဝန်ကြီး ပန်ကြား



ပေကျင်း ဩဂုတ် ၂၄

လက်ရှိအချိန်တွင် အရှေ့အလယ်ပိုင်းဒေသအခြေအနေသည် လမ်းဆုံလမ်းခွသို့ ရောက်ရှိနေသဖြင့် အရှေ့အလယ်ပိုင်း အရေးဆွေးနွေးမှုများ ပြန်လည်စတင်ရန် သက်ဆိုင်ရာ တာဝန်ရှိသည့်အဖွဲ့အစည်းများအား တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ဩဂုတ် ၂၄ ရက်တွင် ပန်ကြားခဲ့သည်။

ကူဝိတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ရှိတ်ခ်ဂျာရက်ဂျဗာအယ်လ်အာမက်အယ်ရှာဗတ်နှင့် တွေ့ဆုံဆွေးနွေးစဉ် ဝမ်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့် ကူဝိတ်နှင့် နှစ်နိုင်ငံဆက်ဆံရေးကို အရေးကြီးသည့်ကိစ္စအဖြစ်သတ်မှတ်ကြောင်းနှင့် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၅၅) နှစ်ပြည့်မြောက်သည့် ယခုနှစ်ကာလကို အခွင့်အလမ်းတစ်ခုအဖြစ်သတ်မှတ်၍ နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် ဆက်ဆံရေးကို ခိုင်မာစေရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း ဝမ်ယိက ပြောကြားသည်။ ကူဝိတ်နိုင်ငံတွင် တည်ရှိသည့် တရုတ်နိုင်ငံ၏ စီမံကိန်းများနှင့် အဆိုပါစီမံကိန်းများတွင် တာဝန်ထမ်းဆောင်သည့် တရုတ်နိုင်ငံသားများအား ကူဝိတ်နိုင်ငံက ကာကွယ်စောင့်ရှောက်မည်ဟု ယုံကြည်ကြောင်း ၎င်းက ပြောကြားသည်။ ကူဝိတ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေပိုင်ဆိုင်မှုကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် တရုတ်နိုင်ငံက ကာလရှည်ကြာ ရပ်တည်ကူညီခဲ့သည့်အတွက် ကျေးဇူးတင်ရှိကြောင်း ကူဝိတ်နိုင်ငံခြားရေးဝန်ကြီး ရှိတ်ခ်ဂျာရက်ဂျဗာ အယ်လ်အာမက်အယ် ရှာဗတ်က ပြောကြားသည်။

ကူဝိတ်နိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်း မူဝါဒကိုသာ ကျင့်သုံးမည်ဖြစ်ပြီး နှစ်နိုင်ငံခေါင်းဆောင်များအကြား ရရှိခဲ့သည့် သဘောတူညီချက်များကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အရှေ့အလယ်ပိုင်းနှင့် ပင်လယ်ကွေ့ဒေသတွင် လုံခြုံရေးနှင့် တည်ငြိမ်မှုကို ပြန်လည်ထူထောင်ရန်နှင့် နိုင်ငံတကာ ရေလမ်းကြောင်းများ၏ လွတ်လပ်မှုနှင့် ဘေးကင်းမှုကို ကာကွယ်ရန်အတွက် ကူဝိတ်နိုင်ငံက တရုတ်နိုင်ငံနှင့်ပူးပေါင်း ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**

## တရုတ်နိုင်ငံ ချန်ဒူးမြို့၌ကျင်းပသော မော်တော်ယာဉ်ပြပွဲတွင် ကုမ္ပဏီ ၁၂၀ ခန့်က မော်တော်ယာဉ် ၁၆၀၀ နီးပါး ပြသထား



ပေကျင်း ဩဂုတ် ၂၄

တရုတ်နိုင်ငံ ချန်ဒူးမြို့၌ ကျင်းပသော မော်တော်ယာဉ်ပြပွဲတွင် အဓိကကျသော ပြည်တွင်းပြည်ပ မော်တော်ယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီပေါင်း ၁၂၀ ခန့်က မော်တော်ယာဉ် အရေအတွက် ၁၆၀၀ နီးပါးကို ပြသထားပြီး လျှပ်စစ်ဓာတ်အားသုံးစနစ်နှင့် အသိဉာဏ်မြင့် နည်းပညာဆိုင်ရာ နောက်ဆုံးပေါ် တိုးတက်မှုများကို မီးမောင်းထိုးပြထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

သောကြာနေ့တွင် စတင်ခဲ့သည့် ၁၀ ရက်ကြာ အဆိုပါပွဲသည် နှစ်ဝက်နောက်ပိုင်းအတွင်း တရုတ်နိုင်ငံ၏ ပထမဆုံးသော အဓိက အေအဆင့် မော်တော်ယာဉ်ပြပွဲဖြစ်ပြီး လာမည့်လများအတွက် ဈေးကွက်အခြေအနေကို ခန့်မှန်းနိုင်သည့် အရေးပါသော ညွှန်းကိန်းတစ်ခုလည်းဖြစ်သည်။

ပွဲစီစဉ်သူများထဲမှ တစ်ဦးဖြစ်သည့် ဟန်နိုဗာမီလန်ဖဲယားစ်ရှန်ဟိုင်းမှ အထွေထွေမန်နေဂျာ လျူဂိုလျန်က အမျိုးအစားစုံလင်လှသည့် ပထမဆုံး မိတ်ဆက်မော်တော်ယာဉ် မော်ဒယ်ပေါင်းများစွာကို ပြသထားသဖြင့် လာရောက်ကြည့်ရှုသူများနှင့် စားသုံးသူများအနေဖြင့် နောက်ဆုံးပေါ် စက်မှုလုပ်ငန်း တိုးတက်မှုများနှင့် ဈေးကွက်ဦးတည်ချက်များကို ရှင်းလင်းစွာ မြင်တွေ့နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS နိုင်ငံတကာသတင်းများ

## ကမ္ဘောဒီးယား၏ ရေထွက်ကုန် တင်သွင်းရာ မဟာမိတ်အဖြစ် ပထမနှစ်ဝက်အတွင်း ဗီယက်နမ်နိုင်ငံ ဆက်လက်ရပ်တည်ခဲ့

ဟနွိုင်း ဩဂုတ် ၂၄

ယခုနှစ် ပထမနှစ်ဝက်အတွင်း ဗီယက်နမ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ အဓိက ရေထွက်ကုန် တင်သွင်းရာ မဟာမိတ်အဖြစ် ဆက်လက်ရပ်တည်ခဲ့ပြီး ထိုဈေးကွက်သို့ တင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၃ သန်းကျော်ရှိခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ကာလအတွင်း ကမ္ဘောဒီးယားနိုင်ငံသည် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် အမေရိကန်ဒေါ်လာ ၆၁ သန်းကျော် တန်ဖိုးရှိ တူနာငါးနှင့် အခြားရေထွက်ကုန် မက်ထရစ်တန် ၃၈၀၀၀ ခန့်ကို စုစုပေါင်း တင်သွင်းခဲ့ကြောင်း ကမ္ဘောဒီးယား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အစီရင်ခံစာအရ သိရသည်။

တရုတ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၁၆ သန်းကျော် တန်ဖိုးရှိ တင်ပို့မှုဖြင့် ဒုတိယအများဆုံး တင်သွင်းသည့် နိုင်ငံဖြစ်ခဲ့သည်။ ဟောင်ကောင်၊ ဩစတြေးလျ၊ ပြင်သစ်၊ ဂျပန်၊ တောင်ကိုရီးယားနှင့် မလေးရှားတို့အပါအဝင် အခြားဈေးကွက်များမှ တင်သွင်းမှု စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၁၀ သန်းခန့် ရှိခဲ့ကြောင်း သိရသည်။ **Mon**



## မလေးရှားနိုင်ငံ၏ အဲယားဘော်နီယိုလေကြောင်းလိုင်းသစ် ငါးနှစ်အတွင်း ပျံသန်းမှုအကြိမ်ရေနှင့် ခရီးစဉ် တိုးချဲ့မည်



ကွာလာလမ်ပူ ဩဂုတ် ၂၄

မလေးရှားနိုင်ငံ၏ လေကြောင်းလိုင်းသစ်တစ်ခုဖြစ်သော အဲယားဘော်နီယို လေကြောင်းလိုင်းသည် လာမည့်ငါးနှစ်အတွင်း ပျံသန်းမှုအကြိမ်ရေနှင့် ခရီးစဉ်များကို တိုးချဲ့သွားမည်ဖြစ်ရာ စီးပွားရေးအရ အကျိုးအမြတ်ရရှိရန် လေယာဉ်အစင်းရေ ၁၅ စင်းအထိပါဝင်သော လေယာဉ်အုပ်စု လိုအပ်မည်ဟု ခန့်မှန်းထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မလေးရှားသတင်းစာ ဘီဇီးနက်စ်တိုင်းမ်၏ ဖော်ပြချက်အရ အဓိက အမှုဆောင်အရာရှိချုပ် မီဂတ်အာဒီယန်အေမင်နူဒင်က အသင့်တော်ဆုံး လေယာဉ်ပမာဏမှာ ၁၄ စင်းမှ ၁၅ စင်းဝန်းကျင်ဖြစ်နိုင်ပြီး လေယာဉ်နှစ်စင်း၊ ငါးစင်း သို့မဟုတ် ခုနစ်စင်းဖြင့် နည်းပါးစွာ လည်ပတ်ခြင်းသည် လုံလောက်သော လုပ်ငန်းပမာဏကို ရရှိစေမည်မဟုတ်ကြောင်း ပြောကြားသည်။

အဲယားဘော်နီယို လေကြောင်းလိုင်းသည် ၂၀၃၀ ပြည့်နှစ်နောက်ဆုံးထား၍ ဂျက်လေယာဉ် ၁၇ စင်းဖြင့် ပြေးဆွဲရန် စီစဉ်ထားသည်။ အဆိုပါလေကြောင်းလိုင်းသည် ကူချင်းမြို့မှ ကွာလာလမ်ပူနှင့် စင်ကာပူမြို့သို့ ဆက်သွယ်ပြေးဆွဲသည့် ခရီးစဉ်များဖြင့် ဇူလိုင်လတွင် ဂျက်လေယာဉ် ပြေးဆွဲမှုများကို စတင်ခဲ့ကြောင်း သိရသည်။ **Mon**

## တောမီးလောင်မှုများ စတင်ခဲ့သည်ဟု သံသယရှိသူ ၇၂ ဦးကို အင်ဒိုနီးရှားရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီး

ဂျကာတာ ဩဂုတ် ၂၄

အင်ဒိုနီးရှားနိုင်ငံ အလယ်ပိုင်းနှင့် အနောက်ပိုင်းဒေသများတွင် အရှိန်အဟုန်ပြင်းစွာတောက်လောင်နေသော မီးဘေးကြောင့် မှုန်းကျပ်ဖွယ် မီးခိုးမြူများ ထွက်ပေါ်လာစဉ် တောမီးလောင်မှုများ စတင်ခဲ့သည်ဟု သံသယရှိသူ ၇၂ ဦးကို ဩဂုတ် ၂၃ ရက်တွင် အင်ဒိုနီးရှားရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံသည် ပိုမိုအားကောင်းလာသော အယ်လ်နီညို ရာသီဥတုပုံစံနှင့် ရှည်လျားသော မိုးခေါင်ရေရှားရာသီကြောင့် ဖြစ်ပွားသည့် တောမီးများကို ငြိမ်းသတ်ရန် ကြိုးပမ်းနေရပြီး အဆိုပါ မီးလောင်မှုများမှ ထွက်ပေါ်လာသော အုပ်ဆိုင်းနေသည့် မီးခိုးများသည် မလေးရှားနိုင်ငံအတွင်းသို့ ကူးစက်ရောက်ရှိခဲ့ကြောင်း အင်ဒိုနီးရှား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအေဂျင်စီက ပြောကြားသည်။

အဆိုပါ တောမီးလောင်ကျွမ်းမှုများသည် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးကို တင်းမာစေသည့် အင်ဒိုနီးရှားနိုင်ငံ၌ ပုံမှန်ကြုံတွေ့နေရသော ပြဿနာတစ်ခုဖြစ်ကြောင်း သိရသည်။

**Mon**

## နီဗားဒါပြည်နယ် အနောက်မြောက်ပိုင်းရှိ ရီးနိုးမြို့ဘက်သို့ တောမီးပျံ့နှံ့၊ လူများစွာ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရ

ဝါရှင်တန် ဩဂုတ် ၂၄

လူကြောင့် ဖြစ်ပွားခဲ့ရာမှ တစ်ဟုန်ထိုး ကြီးထွားလာနေသည့် တောမီးသည် ဆီရာနီဗားဒါတောင်ခြေမှ နီဗားဒါပြည်နယ် အနောက်မြောက်ပိုင်းရှိ ရီးနိုးမြို့ဘက်သို့ ကူးစက်ပျံ့နှံ့လာသောကြောင့် လူထောင်ပေါင်းများစွာ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရပြီး မီးလောင်သည့် ဧရိယာမှာ ဟက်တာ ၄၄၅၀(ဧက ၁၀၅၀၀)ကျော်အထိ ကျယ်ပြန့်လာကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ယော့ခ်မီးဟု အမည်ပေးထားသည့် အဆိုပါတောမီးသည် ရီးနိုးမြို့အနီး ယော့ခ်မီးဒိုးလမ်းကြောင်းအနီးတွင် စတင်ခဲ့ခြင်းဖြစ်ပြီး အားကောင်းသည့် လေပြင်းများ၊ အစိုဓာတ်နည်းပါးခြင်းနှင့် ခြောက်သွေ့သော သစ်တောသစ်ပင်များကြောင့် တစ်နေ့တာလုံး အရှိန်အဟုန်ဖြင့် ကူးစက်ပျံ့နှံ့ခဲ့ကြောင်း အမေရိကန်ပြည်ထောင်စု၊ နီဗားဒါပြည်နယ်၊ ဝါရှိုးခရိုင်ရှိ အထူးမီးငြိမ်းသတ်ရေးနှင့် ကယ်ဆယ်ရေးအဖွဲ့ဖြစ်သော ထရပ်ကီးမီးဒိုး မီးငြိမ်းသတ်ရေးနှင့် ကယ်ဆယ်ရေးအဖွဲ့က ပြောကြားသည်။

ဩဂုတ် ၂၃ ရက်တွင် အဆိုပါခရိုင်အတွင်းရှိ နေအိမ်နှင့် စီးပွားရေးလုပ်ငန်းပေါင်း ၁၀၆၀၀ နီးပါး လျှပ်စစ်မီးပြတ်တောက်ခဲ့ကြောင်း သိရသည်။ **Mon**

❖ စာမျက်နှာ ၂၄ မှ
အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ယနေ့စတင်ကျင်းပသည်။

အဆိုပါ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲများကို ဩဂုတ် ၂၄ ရက်မှ စက်တင်ဘာ ၂ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ပြိုင်ပွဲကာလ ၁၀ ရက်ကြာ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၃ သင်း စုစုပေါင်း ပြိုင်ပွဲဝင်အင်အား ၃၃၁ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။



ဖွင့်ပွဲတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုပြီး ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီးများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများကို လိုက်လံနှုတ်ဆက်၍ ပြိုင်ပွဲတွင် ပါဝင်ကူညီအားပေးဖြည့်ပေးခဲ့သည့် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ် သုံးသိန်း ပေးအပ်ချီးမြှင့်သည်။

ယနေ့ ပိုက်ကျော်ခြင်း အမျိုးသားနှစ်ယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ အမျိုးသမီးနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# ချမ်းအေးသာစံနှင့် ချမ်းမြသာစည်မြို့နယ်တို့၌ ငွေကျပ် ၉၅၉၃ ဒသမ ၅ သိန်းတန်ဖိုးနှင့် ဗဟန်းမြို့နယ်၌ ငွေကျပ် သိန်း ၅၇၀၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၂၄

ချမ်းအေးသာစံနှင့် ချမ်းမြသာစည်မြို့နယ်တို့၌ ငွေကျပ် ၉၅၉၃ ဒသမ ၅ သိန်းတန်ဖိုးနှင့် ဗဟန်းမြို့နယ်၌ ငွေကျပ် သိန်း ၅၇၀၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိပြီး တရားခံများအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၉ ရက် နံနက် ၁၀ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက်တွင် အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်နေ စိုးအောင်နိုင်(၄၀)နှစ်နှင့် ပုသိမ်ကြီးမြို့နယ် နန်းဦးလွင်ကွက်သစ်နေ မစန်းစန်းဝင်း(ခ)စန်းသော်တာ(၄၅)နှစ်တို့ နှစ်ဦးထံမှ ဘိန်းဖြူ ၁ ဒသမ ၂၁ ကီလို (တစ်ကီလိုလျှင် ငွေကျပ် သိန်း ၃၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၄၂၃ ဒသမ ၅ သိန်း)နှင့် TOYOTA COROLLA ယာဉ်တစ်စီး၊ HONDA CLICK ဆိုင်ကယ်တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့ နံနက် ၁၁ နာရီတွင် ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁)ရပ်ကွက်တွင် သိမ်းဆည်းရမိ ဘိန်းဖြူများရောင်းချပေးသူ ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်နေ မြထူး(၃၀)နှစ်အား ဘိန်းဆီခဲ ၂ ဒသမ ၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ် သိန်း ၃၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၇၅ သိန်း)နှင့် CLICK ဆိုင်ကယ် တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

၎င်း၏ဖော်ထုတ်ချက်အရ ညနေ ၅ နာရီတွင် ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်ရှိ တည်းခိုခန်းတွင် ဖယ်ခုံမြို့နယ် ပီကင်းရွာနေ အီညားရှို့(၃၉)နှစ်နှင့် ဖယ်ခုံမြို့နယ် စလင်းမိုင်းငံရွာနေ အန်တောမြို့(၂၉)နှစ်တို့ကို TOYOTA HILUX SURF ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိပြီး စစ်ဆေးဖော်ထုတ်ချက်အရ ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက်ရှိ နေအိမ်မှ ဘိန်းဖြူ ၁၁ ကီလို (တစ်ကီလိုလျှင် ငွေကျပ် သိန်း ၂၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၂၇၅၀)၊ စိတ်ကြွဆေးပြား ၃၆၆၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၅၄၉၀)၊ ဘိန်းစိမ်း ၄၈ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၄၈၀)နှင့် ဘိန်းဆီခဲ ၁၂ ဒသမ ၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ် သိန်း ၃၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၇၅ သိန်း) သိမ်းဆည်းရမိသဖြင့် စိုးအောင်နိုင်၊ မစန်းစန်းဝင်း(ခ)စန်းသော်တာ၊ မြထူး၊ အီညားရှို့နှင့် အန်တောမြို့တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



တရားခံ အီညားရှို့နှင့် အန်တောမြို့တို့အား ဖမ်းဆီးရမိသည့် ဘိန်းဖြူ ၁၁ ကီလို၊ စိတ်ကြွဆေးပြား ၃၆၆၀၀၀၊ ဘိန်းစိမ်း ၄၈ ကီလိုနှင့် ဘိန်းဆီခဲ ၁၂ ဒသမ ၅ ကီလိုတို့နှင့်အတူ တွေ့ရစဉ်။

ထို့အတူ ဩဂုတ် ၂၂ ရက် ည ၁၀ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် ဆရာစံလမ်းတွင် ကာလိမြို့ အမှတ်(၅)ရပ်ကွက်နေ စိုင်းဟန်လှိုင်(၃၁)နှစ် မောင်းနှင်လာသော SUZUKI ERTIGA အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း ၂ ဒသမ ၅ ကီလို (တစ်ကီလိုလျှင်ငွေကျပ် သိန်း ၆၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၁၅၀၀)၊ အက်တက်စီဆေးပြား ၁၀၀၀၀(တစ်ပြားလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၅၀၀)၊ HAPPYWATER ၅ ဒသမ ၇၅ ကီလို (တစ်ကီလိုလျှင်ငွေကျပ်သိန်း ၆၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၃၄၅၀)နှင့် HAPPY WATER ပါရှိသည့် VAPE ခေါင်း အခု ၂၅၀ (တစ်ခုလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၂၅၀) ကို သိမ်းဆည်းရမိသဖြင့် စိုင်းဟန်လှိုင်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားကြောင်း သိရသည်။

သတင်းစဉ်



# မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်မှု နည်းပညာပေးသင်တန်းဖွင့်လှစ်

မြို့သစ် ဩဂုတ် ၂၄

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် တောင်သူများ စိုက်ပျိုးရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး နည်းပညာပေးသင်တန်းကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့သည်။

ရေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးဆန်းအောင်ထွေးက

အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဉာဏ်မြင့်ဦးက မြို့နယ်အတွင်း ဝါသီးနှံကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှုမြင့်မားစေရေးနှင့် စိုက်နည်းစနစ်(မျိုး၊ မြေ၊ ရေ)မှန်ကန်စွာ ရွေးချယ်စိုက်ပျိုးနိုင်ရေးအတွက် ယခုလိုနည်းပညာပေးသင်တန်းများ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သင်တန်းကို ဆက်လက်ပို့ချရာ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မည့် ငွေးကုန်းကျေးရွာအုပ်စု၊ မြေပြင်သာကျေးရွာအုပ်စု၊ နဘဲကုန်းကျေးရွာအုပ်စု၊ မင်းရပ်ကွက် (ယင်းနားကုန်း)တို့မှ တောင်သူ ၅၀ ဦးတက်ရောက်ကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန သင်တန်းနည်းပြများက ဝါသီးနှံစိုက် ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာများပို့ချပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ဝင်းအိစွန်(ပြန်/ဆက်)

◆ စာမျက်နှာ ၂၄ မှ
ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "နာရာ"မှ ပြုတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ အိန္ဒိယ သြရိဿပြည်နယ်မြောက်ပိုင်း ကမ်းရိုးတန်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အနောက် ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနိုးဆော်ထားပါသည်။ မိုးကြီးမည့်သတိပေးချက်နှင့် ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့တင်ပြသွားမည်ဖြစ်ကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။

မိုး/ဇလ

၀-၀-၀-၀

# မီးသတ်တပ်ဖွဲ့ဝင်များ တွေ့ဆုံ၊ စားသောက်ကုန်များပေးအပ်၊ တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအား ဆုချီးမြှင့်

မန္တလေး ဩဂုတ် ၂၄

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ခရိုင်နှင့်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ တွေ့ဆုံပွဲကို ယမန်နေ့ နံနက် ၉ နာရီက ၂၂လမ်းရှိ အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးမှူးရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးနှင့် စကားအင်းအမြန်လမ်းနယ်မြေမီးသတ်စခန်းရှိ တပ်ဖွဲ့ဝင်များအား စားအုန်းဆီ ၅၀ ကျပ်သားနှင့် ကြက်ဥ ၁၀ လုံးစီ ထောက်ပံ့ခြင်း၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးအောင်နှင့် ရိုးရိုးအောင် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(၀၄၅)

## မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကျင်းပ

**မန္တလေး ဩဂုတ် ၂၄**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း (ဗဟို)(AEDA-Mdy)တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါး အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၁၀နာရီခွဲက ပြည်ကြီးတံခွန်မြို့နယ် GPEC ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ကျင်းပသည်။



ရှေးဦးစွာ ကျောင်းတာဝန်ခံဦးစိုင်းကအမှာစကားပြောကြားပြီး မူးယစ်သမိုင်းကြောင်းကို ဘဏ္ဍာရေးမှူးဒေါ်ခင်မေပိုင်က ဟောပြောပြီး အရက်၊ ကွမ်း၊ ဆေးဉပါဒ်ပေး၊ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်ကြောင်းကို အတွင်းရေးမှူးဦးမြင့်သန်းက ဟောပြောသည်။ အမှုဆောင် ဒေါ်သင်းသင်းဦးက တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူ များအားမေးခွန်းမေးမြန်းကာ ဖြေဆိုသည့်ကျောင်းသား၊ ကျောင်းသူ များအားဆုချီးမြှင့်ခဲ့သည်။

မူးယစ်ဆေးဝါး မသုံးစွဲရေးအတွက် သန္နိဋ္ဌာန်ရွတ်ဆိုကြပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၅၀ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဓဲပုံ)

(၀၇၀)



## ငွေကျပ် ၂၇ ဒသမ ၇၅ သိန်း တန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

**တောင်ကြီး ဩဂုတ် ၂၄**

ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ ရတနာရပ်ကွက်၊ နယ်မြေ(၁)နေ ဦးခွန်ဟန်စိန်(ခ)သန့်ဇင်(၃၀)နှစ်ဆိုသူ၏ နေအိမ်အား ဩဂုတ် ၁၈ရက် ည ၇နာရီခွဲက ဝင်ရောက်ရှာဖွေရာ ၄င်းထံမှ စိတ်ကြွဆေးပြား ၉,၂၅၀ ဖမ်းဆီးရမိသဖြင့် ခွန်ဟန်စိန်(ခ)သန့်ဇင်ဆိုသူအား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ အရအရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လိုင်စင်မဲ့မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိ

**ဟိုပုံး ဩဂုတ် ၂၄**

ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ရှိ မြို့နယ်အချို့၌ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၈ရက် နံနက် ၇ နာရီတွင် ရှမ်းပြည်နယ်၊ ဟိုပုံးမြို့နယ်၊ မိုင်းပွန်တံတားလုံခြုံရေးဂိတ်၌ ဟိုပုံးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် တာချီလိတ်မြို့မှ ဟိုပုံးမြို့ဘက်သို့ ကျောက်မဲမြို့နယ်၊ ပန်သပြေကျေးရွာနေ ဦးသန်းနိုင်လင်း(၄၀)နှစ်ဆိုသူ မောင်းနှင်လာသည့် NISSAN 12 ဘီး မော်တော်ယာဉ်နှင့် ကွန်ဟိန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်နေ ဦးစိုင်းထွန်းထွန်းဦး(၃၆)နှစ်ဆိုသူ မောင်းနှင်လာသည့် MITSUBISHI FUSO မော်တော်ယာဉ်တို့အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါယာဉ်များနှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်များဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် သန်းနိုင်လင်းနှင့် စိုင်းထွန်းထွန်းဦးဆိုသူတို့နှစ်ဦးအား ဟိုပုံးမြို့မရဲစခန်းမှ ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့် လည်းကောင်း။

အလားတူ နံနက် ၅ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ထားဝယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် အိုးလုပ်ရပ်ကွက်၊ ရွှေဘုံသာဘုရားလမ်းအရောက်၌ အနောက်မြို့တွင်းရပ်ကွက်နေ ဦးကိုကိုနိုင်(ခ)ရှာမီး(၃၇)နှစ်ဆိုသူ မောင်းနှင်လာသည့် WAVE 125 မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါဆိုင်ကယ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ကိုကိုနိုင်(ခ)ရှာမီးဆိုသူအား ထားဝယ်မြို့မရဲစခန်းမှ ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့်လည်းကောင်း။

ထို့အတူ နံနက် ၇ နာရီခွဲတွင် ဘုတ်ပြင်းမြို့နယ်၊ အမှတ်(၂)မြို့အဝင်စစ်ဆေးရေးဂိတ်၌ ဘုတ်ပြင်းခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများဆောင်ရွက်နေစဉ် ကော့သောင်းမြို့မှ ဘုတ်ပြင်းမြို့ဘက်သို့ ကော့သောင်းမြို့နယ်၊ တာညံ့ပါဒ ကျေးရွာနေ ဦးတင်ဌေး(၄၆)နှစ်ဆိုသူ မောင်းနှင်လာသည့် HONDA CLICK 150i မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါ ဆိုင်ကယ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် တင်ဌေးဆိုသူအား ဘုတ်ပြင်းမြို့မရဲစခန်းမှ ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ယာဉ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)





## တာချီလိတ်မြို့နယ်၌ ငွေကျပ် သိန်း ၈,၁၆၀ တန်ဖိုးရှိ အိုက်စ်(မက်သ်အမ်ဖက်တမင်း)များ ဖမ်းဆီးရမိ

**တာချီလိတ် ဩဂုတ် ၂၄**

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဩဂုတ် ၁၇ ရက် မွန်းလွဲ ၁ နာရီခွဲက ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၊ ဝေလေလန်ကျေးရွာအနီးတွင် ဝမ်တုံကျေးရွာနေ ကိုစိုင်းထွန်းတစ်(၂၇)နှစ်ဆိုသူ မောင်းနှင်လာသော TOYOTA HILUX TIGER အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင်သိုဝှက်သယ်ဆောင်လာသည့် အိုက်စ်(မက်သ်အဖက်တမင်း) ၉၆ ကီလိုကို ဖမ်းဆီးရမိသဖြင့် စိုင်းထွန်းတစ်ဆိုသူအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

### ရေချွေတာရေး နည်းလမ်းများ

- * ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
  ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- * ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။
  ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- * အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- * အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့် လျှော်ပါ။
- * ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

## ပွင့်ဖြူမြို့နယ်၌ ကြီးအုံကြီးဝတမံ ရေပိုလွှဲမှ ၅ ဒသမ ၈ ပေခန့် ဆက်လက်ရေကျော်ကျလျက်ရှိ

**ပွင့်ဖြူ ဩဂုတ် ၂၄**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ကြီးအုံကြီးဝ တမံအတွင်းသို့ မိုးရေဝင်ရောက်မှုတိုးလာပြီး ယနေ့ နံနက် ၆နာရီအချိန် တိုင်းထွာရာ၌ တမံရေပိုလွှဲမှ ၅ ဒသမ ၈ ပေခန့် ဆက်လက် ရေကျော်ကျလျက်ရှိသည်။

အဆိုပါ မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ပွင့်ဖြူမြို့နယ်ရှိ ကြီးအုံကြီးဝတမံတွင် မိုးရေဝင်ရောက်မှု တိုးလာခဲ့ပြီး တမံရေပြည့်မှတ်ဖြစ်သည့် ပေ ၃၄၀ အထက် တမံရေပိုလွှဲမှ ၅ ဒသမ ၈ ပေခန့် ဆက်လက် ရေကျော်ကျလျက်ရှိနေကြောင်း၊ ထိုသို့ တမံရေပိုလွှဲမှ ရေကျော်ကျမှုရှိသော်လည်း စိုးရိမ်ဖွယ်ရာ အခြေအနေမရှိကြောင်းနှင့် တမံနှင့် ဆက်စပ်အဆောက်အအုံများ ကြံ့ခိုင်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။



အဆိုပါ ကြီးအုံကြီးဝတမံအတွင်း မိုးရေဝင်ရောက်မှုအခြေအနေနှင့် တမံရေပိုလွှဲမှ ရေကျော်ကျမှုအခြေအနေများကို တမံရေကင်းတာဝန်ရှိသူများက စောင့်ကြပ်စစ်ဆေးပြီး အများပြည်သူ သိရှိနိုင်ရန် အချိန်နှင့် တစ်ပြေးညီ အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဓဲပုံ)(၄၄၅)

# ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသော ပြိုင်ပွဲအဆင့်နှင့် ဘာသာရပ်များ

၁။ ယှဉ်ပြိုင်ရန်လျာထားသောပြိုင်ပွဲအဆင့်

(က) ဝါသနာရှင်(ပထမတန်း)အဆင့်

(ခ) ဝါသနာရှင်(ဒုတိယတန်း)အဆင့်

(ဂ) အဆင့်မြင့်ပညာအဆင့်

(ဃ) အခြေခံပညာ(အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်

(င) အခြေခံပညာ(အသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်း)အဆင့်

၂။ ယှဉ်ပြိုင်ရန်လျာထားသော ဘာသာရပ်များ

(က) အဆိုပြိုင်ပွဲ

(၁) မဟာဂီတ (အဆင့်အားလုံး)

(၂) ခေတ်ဟောင်းတေး/ကာလပေါ် (အဆင့်အားလုံး)

(၃) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်းပြိုင်ပွဲ{ဝါသနာရှင်(ဒုတိယတန်း) အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာ(အသက်၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်}(အမျိုးသား၊ အမျိုးသမီး)

(ခ) အကပြိုင်ပွဲ

(၁) အကပြိုင်ပွဲ(အမျိုးသား၊ အမျိုးသမီး)(အဆင့်အားလုံး)

(၂) မြန်မာအကအခြေခံကဗျာလွတ်အက (ပထမအဆင့်) (အမျိုးသမီး) ၁၆ ဦး ယိမ်းအကပြိုင်ပွဲ (အခြေခံပညာ အသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်းအဆင့်)

(၃) တိုင်းရင်းသားရိုးရာအက/ကျေးလက်ရိုးရာအကပြိုင်ပွဲ (တစ်ဖွဲ့လျှင် ၁၆ ဦး၊ ကြာမြင့်ချိန်အနည်းဆုံး ၅ မိနစ်မှ ၁၀ မိနစ်ထက်မပိုသော တေးသီချင်းဖြင့် ယှဉ်ပြိုင်ရန်)

(၄) ရုပ်သေးကြိုးဆွဲပြိုင်ပွဲ {ဝါသနာရှင်(ဒုတိယတန်း)အဆင့်} (မင်းသား၊ မင်းသမီး)

(၅) ကချင်ပြည်နယ်ရှိတိုင်းရင်းသားတို့၏ရိုးရာအကပြိုင်ပွဲ၊ ၁၆ - ဦး

(၆) ဇာတ်တော်ကြီးပြိုင်ပွဲ၊ ဝါသနာရှင်(ပထမတန်း)အဆင့် ဝိဓူရဇာတ်တော်ကြီး (ပြိုင်ပွဲဝင်ရန်သတ်မှတ်ချိန်မှာ ၃ နာရီဖြစ်ပြီး ပြိုင်ပွဲဝင်အင်အားမှာ တစ်ဖွဲ့လျှင် ဆိုင်ပြောနှင့် အခြားပညာရှင် ၃၀ ဦး၊ ဆိုင်း ၇ ဦး စုစုပေါင်း ၃၇ ဦး ယှဉ်ပြိုင်ရန်)

(၇) ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ၊ ဝါသနာရှင်(ပထမတန်း) အဆင့် သုဝဏ္ဏသာမ ဇာတ်တော်ကြီး (ပြိုင်ပွဲဝင်ရန် သတ်မှတ်ချိန်မှာ ၁ နာရီ ၃၀ မိနစ်ဖြစ်ပြီး ပြိုင်ပွဲဝင် အင်အားမှာ တစ်ဖွဲ့လျှင် ကြိုးဆွဲနှင့်ဆိုင်ပြောပညာရှင် ၁၃ ဦး၊ ဆိုင်း ၇ ဦး စုစုပေါင်း ၂၀ ဦး ယှဉ်ပြိုင်ရန်)

(၈) ကွက်စိပ်ပြိုင်ပွဲ

- ဝါသနာရှင်(ပထမတန်း)အဆင့်(ရုက္ခဓမ္မဇာတ်)
- ဝါသနာရှင်(ဒုတိယတန်းအဆင့်(သမ္မောဒမာနဇာတ်)

(ဂ) အရေးပြိုင်ပွဲ

(၁) ဝါသနာရှင်(ပထမတန်း)အဆင့်

(၂) ဝါသနာရှင်(ဒုတိယတန်း)အဆင့်

(၃) အဆင့်မြင့်ပညာအဆင့်

(၄) အခြေခံပညာ(အသက် ၁၅ နှစ်ပြည့်မှ ၂၀နှစ်အတွင်း) အဆင့်

(ဃ) အတီးပြိုင်ပွဲ

(၁) စောင်း - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)

(၂) စန္ဒရား - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)

(၃) ပတ္တလား - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)

(၄) တယော - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)

(၅) မယ်ဒလင် - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)

(၆) ဂီတာ - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)

(၇) ဒုံမင်း - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)

(၈) ဆိုင်း - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) တစ်ဦးချင်း

(၉) ဆိုင်းဝိုင်းကြီး အဖွဲ့လိုက် - အဖွဲ့လိုက်(အမျိုးသား - ၈ ဦး၊ အမျိုးသမီး - ၈ ဦး)

(၁၀) နှဲ - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)

(၁၁) ပလွေ - တစ်ဦးချင်း(အမျိုးသား၊အမျိုးသမီး)

(၁၂) အိုးစည် - အဖွဲ့လိုက်(အမျိုးသား - ၅ ဦး)

(၁၃) ဒိုးပတ် - အဖွဲ့လိုက်(အမျိုးသား - ၆ ဦး)

မှတ်ချက်။ အိုးစည်ပြိုင်ပွဲနှင့် ဒိုးပတ်ပြိုင်ပွဲများတွင် ဝါသနာရှင်(ပထမတန်း)၊ ဝါသနာရှင်(ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်နှင့် အခြေခံပညာ (အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်တို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ကျန်အတီးပြိုင်ပွဲများတွင် အဆင့်အားလုံးယှဉ်ပြိုင်ရန်)

# (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသည့် တေးသီချင်းများ

## "မဟာဂီတ"

**၁။ ဝါသနာရှင် (ပထမတန်း) အမျိုးသား၊ အမျိုးသမီး**

(က) စုံသာမြိုင်လယ် (သီချင်းခံ)

(ခ) မှိုင်းပြာမှုန်ဝေ (ပတ်ပျိုး)

(ဂ) မြိုင်ဟောဝန် (ပတ်ပျိုး)

(ဃ) ရွှေပန်းပန်အစချီ ကိုယ်တော်နှင်းနံ့လေး ထွေသံကပ်(မြင်းခင်း)မြန်ခန်းကျွန်းတွင်း (ကြိုး)

(င) ကြို့ညိုစံရာ (ယိုးဒယား)

(စ) ခြည်ပန်းထောင်ကွန့် စက်နေရုံ (ဘွဲ့)

(ဆ) အာကာယံထဲ (ပတ်ပျိုး)

(ဇ) သောင်းကျေးဒီပါဗွေ (မွန်)

**၂။ ဝါသနာရှင် (ဒုတိယတန်း) အမျိုးသား၊ အမျိုးသမီး**

(က) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)

(ခ) မဏိကဥ္စနာ (ပတ်ပျိုး)

(ဂ) ဖြူပြာမှုရာ (ပတ်ပျိုး)

(ဃ) မြန်သပြေညာ (ယိုးဒယား)

(င) ကောင်းချီးသင်္ခါ (မွန်)

**၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) လွမ်းခြင်းအစချီ ဟေမာန်ပွေဟန် (ပတ်ပျိုး)

(ခ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)

(ဂ) ရွှေပင်ရွှေဘုန်း (ကြိုး)

(ဃ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)

**၄။ အခြေခံပညာအဆင့် (၁၅-၂၀) (အမျိုးသား၊ အမျိုးသမီး)**

(က) ကြောက်ဖွယ့်ဘုန်းတန်း (ကြိုး)

(ခ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)

(ဂ) မာရဝိဇယ (ဘွဲ့)

(ဃ) လေပြည်ဆော်သွင်းမြူး (ယိုးဒယား)

**၅။ အခြေခံပညာအဆင့် (၁၀-၁၅) (အမျိုးသား၊ အမျိုးသမီး)**

(က) သည်ဆောင်းဟေမာန် (ဘွဲ့)

(ခ) မြိုင်ခြေတစ်ခွင် (ပတ်ပျိုး)

(ဂ) တောဟောဝန်လယ် (ယိုးဒယား)

(ဃ) ပြောင်ပြောင်နာဂိန် (ကြိုး)

## "ခေတ်ဟောင်းတေး / ကာလပေါ်တေး"

**၁။ ဝါသနာရှင် (ပထမတန်း) အမျိုးသား**

(က) မြဘယက် (ဥသြဘသောင်)

(ခ) တောင်သမန် (နန်းတော်ရှေ့ဆရာတင်)

(ဂ) စွဲမက်ပါတဲ့အာရုံ (ဥသြဘသောင်)

(ဃ) ညီတော်မင်းနန် (ဝင်းဦး)

(င) ရုပ်ကြီးသူ (ဦးသိန်းကြွယ်)

(စ) ရွှေတိဂုံသမိုင်း (ဒေါ်ကြည်အောင်)

(ဆ) ဘုံဓမ္မတာ (ဥသြဘသောင်)

(ဇ) မင်္ဂလာတော် (ဥသြဘသောင်)

(ဈ) ကျောင်းတော်ရာ (ပြည်ဘရှင်)

(ည) သရက်ပင်အိုရဲ့သံဝေဂ (ကိုမင်းနောင်)

**၂။ ဝါသနာရှင် (ပထမတန်း) အမျိုးသမီး**

(က) တောင်သူပျို (ဒေါ်ကြည်အောင်)

(ခ) မဟာတြိရတန (ရီရီသန့်)

(ဂ) စာဆိုခံ "လ"လုံး (မာမာအေး)

(ဃ) အလှူ့အစ်မ (မာမာအေး)

(င) မေတ္တာဝေသံဆန်း (ဝင်းဦး)

(စ) စည်တော်ကြီး (မာမာအေး)

(ဆ) သုံးရွှေ့လယ် (ဒေါ်ကြည်အောင်)

(ဇ) ပြိုင်ပွဲကြီး (ထား)

(ဈ) ဂီတအခြေခံ (အဖွဲ့)

(ည) ဓာတ်တော်ဝေခန်း (ဒေါ်ကြည်အောင်)

**၃။ ဝါသနာရှင် (ဒုတိယတန်း) အမျိုးသား**

(က) တပေါင်းသာခေါင် (ကိုတင်အောင်သန်း)

(ခ) မာန် (ဂီတလုလင်မောင်ကိုကို)

(ဂ) ဂျင်မလေးဂျမ်း (ကိုမင်းနောင်)

(ဃ) စွယ်တော်ခိုးခန်း (ဒေါ်ကြည်အောင်)

(င) ဖန်တီးသူတို့အပြုံးများ (ဂီတလုလင်မောင်ကိုကို)

(စ) မဟာဇနက္က (ခင်မောင်ရင်)

**၄။ ဝါသနာရှင် (ဒုတိယတန်း) အမျိုးသမီး**

(က) အာရောဂျံ (ဒေါ်ကြည်အောင်)

(ခ) နားလည်ပေးပါ (ထား)

(ဂ) ဝန်မိတ် (စိန်ပါတီ)

(ဃ) ဂီတဥ္စလီ (သင်းသင်းမြတ်)

(င) ဓမ္မစကြာ (ဒေါ်ကြည်အောင်)

(စ) ကထိန်သင်္ကန်း (စိန်ပါတီ)

**၅။ အဆင့်မြင့် (အမျိုးသား)**

(က) ဖြောသံ (ဥက္ကလာမောင်)

(ခ) စိမ်းလဲ့ညို (မောင်မောင်ကြီး)

(ဂ) မဟာဗန္ဓုလ (ကိုထွန်းရွှေ)

(ဃ) အလွမ်းပြေအမေ့စာ (မောင်မောင်လတ်)

**၆။ အဆင့်မြင့် (အမျိုးသမီး)**

(က) မြညွှင်းလေပြေ (မအေးမိ)

(ခ) ပန်းခင်းသောလမ်း (မြသက်မှူ)

(ဂ) မြသဝန်ကြောင် (ထား)

(ဃ) အစိန္တေယျ (ဌေးဌေးမြင့်)

**၇။ အခြေခံ (၁၅-၂၀) အမျိုးသား**

(က) ဖူးစာ (ကိုအုံ့ကြီး)

(ခ) မြတ်ဒေသနာ (သထုံဘသိန်း)

(ဂ) အောင်မြင်ခြင်းအတူတူ (စန္ဒရားထွန်းညွန့်)

(ဃ) အန္တရာယ်ကင်း (ဂီတာစိမ်းမောင်၊ရွှေတိုင်ညွန့်)

**၈။ အခြေခံ (၁၅-၂၀) အမျိုးသမီး**

(က) ရွှေဖိုးခေါင် (ဒေစီကျော်ဝင်း)

(ခ) ဟေမန္တရဲ့သဘာဝ (သင်းသင်းမြတ်)

(ဂ) ပါရမီတော် (တင်တင်မြ)

(ဃ) မေတ္တာသံဝေ (လှလှရီ)

**၉။ အခြေခံ (၁၀-၁၅) အမျိုးသား**

(က) ဗုံကြီးသံ (သန်းထွန်းလေး)

(ခ) ရှင်သီဝလိ (ပြည်လှဖေ)

(ဂ) မောင့်တိုင်းပြည် (ရေနံ့သာဝင်းမောင်)

(ဃ) ဂုဏ်တော်ဖွင့် (ပြည်လှဖေ)

**၁၀။ အခြေခံ (၁၀-၁၅) အမျိုးသမီး**

(က) သီရိရတနာ (ဒေါ်ကြည်အောင်)

(ခ) အဆင်းလှတဲ့ပင်းတယ (ခင်သစ်လွင်)

(ဂ) ဓမ္မစက်တော် (မြင့်မြင့်ရှိန်)

(ဃ) ဆံရစ်ဝိုင်း (ကြည်ကြည်ဝင်း)

(ဆက်လက်ဖော်ပြပါမည်)

# နိုင်ငံတကာ အားကစား သတင်းများ

## 2026 Cincinnati Open အမျိုးသားတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Arthur Fils တက်ရောက်



**ဝါရှင်တန် ဩဂုတ် ၂၄**

အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Cincinnati Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ပြင်သစ်တင်းနစ်ကစားသမား Arthur Fils တက်ရောက်ခဲ့သည်။

အဆိုပါ ပြင်သစ်တင်းနစ်ကစားသမား Arthur Fils သည် 2026 Cincinnati Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အီတလီတင်းနစ်ကစားသမား Flavio Cobolli ကို ၆-၃၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Cincinnati Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား Arthur Filsနှင့် အမေရိကန်တင်းနစ်ကစားသမား Frances Tiafoeတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(ဝဲပုံ)

(NGB)

0 - 0 - 0 - 0 - 0

## ဂျာအိုပီဒရို ချဲလ်ဆီးအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဩဂုတ် ၂၄**

ချဲလ်ဆီးအသင်းသည် အသင်းတိုက်စစ်မှူး ဂျာအိုပီဒရိုကို ၂၀၃၄ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၂၄-



၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၃ပွဲ ကစားပြီး ၂၃ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ ဂျာအိုပီဒရိုက ‘ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းဟာ ကျွန်တော့်ရဲ့ အိမ်ပါပဲ။ ဒီအသင်းနဲ့အတူ ဆုဖလားများစွာလည်း ရယူသွားဦးမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားမှာပါ’ဟု ပြောသည်။

(ဝဲပုံ)

(NGB)

## နည်းပြ နူနိုဆန်တိုကို နည်းပြရာထူးမှ ထုတ်ပယ်ပေးရန် ဝက်စ်ဟမ်းအသင်းထံ ပရိသတ်များ တောင်းဆို



**လန်ဒန် ဩဂုတ် ၂၄**

ဝက်စ်ဟမ်းအသင်းပရိသတ်များသည် နည်းပြ နူနိုဆန်တိုကို နည်းပြရာထူးမှ ထုတ်ပယ်ပေးရန် အသင်းထံသို့ တောင်းဆိုမှုများ ပြုလုပ်ခဲ့ရသည်။

ဝက်စ်ဟမ်းအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက ပရီးမီးယားလိဂ်မှ အင်္ဂလိပ်ချန်ပီယံရှစ်သို့ တန်းဆင်းခဲ့ရပြီး ရာသီအစမှာပင် ချာလ်တန်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းကြောင့် နည်းပြ နူနိုဆန်တိုကို ရာထူးမှ ထုတ်ပယ်ပေးရန် အသင်းပရိသတ်များက တောင်းဆိုလာခြင်းဖြစ်သည်။

နည်းပြ နူနိုဆန်တိုသည် ဝက်စ်ဟမ်းအသင်းကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၂၇ ရက်က စတင် ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ပွဲ၄၀ တွင် ၁၂ပွဲနိုင်၊ ၁၂ပွဲသရေ၊ ၁၆ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ထို့ကြောင့် ဝက်စ်ဟမ်းအသင်းအနေဖြင့် အသင်းပရိသတ်များ တောင်းဆိုထားသည့်အတိုင်း နည်းပြ နူနိုဆန်တိုကို ရာထူးမှ ထုတ်ပယ်သွားမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ပုံ)**

(NGB)

## အသင်းလက်မဲ့ဖြစ်နေသော ပါတေးကို အယ်လ်ရှာဘတ်အသင်းခေါ်ယူ

**ရီယာဒ် ဩဂုတ် ၂၄**

ဆော်ဒီကလပ် အယ်လ်ရှာဘတ်အသင်းသည် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့် ကွင်းလယ်ကစားသမား ပါတေးကို ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အယ်လ်ရှာဘတ်အသင်းနှင့်အတူ တစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

ကွင်းလယ်ကစားသမား ပါတေးသည် ကစားသမားဘဝတစ်လျှောက်တွင် အက်သလက်တီကိုမက်ဒရစ်၊ အာဆင်နယ်၊ ဗီလာရီးရဲလ်၊ မာယော့ကာစသည့်ကလပ် အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမား တစ်ဦးဖြစ်ခြင်းကြောင့် အယ်လ်ရှာဘတ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ပါတေး အနေဖြင့် အယ်လ်ရှာဘတ်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ)**

(NGB)



## အီလီမန်အန်ဒီယာယီကို ခေါ်ယူရန် အာဆင်နယ်အသင်း စီစဉ်

**လန်ဒန် ဩဂုတ် ၂၄**

အာဆင်နယ်အသင်းသည် အဲဗာတန်အသင်းကွင်းလယ်တိုက်စစ်ကစားသမား အီလီမန်အန်ဒီယာယီကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၆)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားသည် အဲဗာတန်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၁ ပွဲ ကစားပြီး ၁၇ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။



အဲဗာတန်အသင်းကလည်း အီလီမန်အန်ဒီယာယီအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့သည်။ (ဝဲပုံ)

ထို့ကြောင့် အာဆင်နယ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် အဲဗာတန်အသင်းမှ အီလီမန်အန်ဒီယာယီကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)



## ဘာစီလိုနာအသင်းက အယ်လ်ချီအသင်းကို ငါးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**ဘာစီလိုနာ ဩဂုတ် ၂၄**

စပိန်လာလီဂါပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဘာစီလိုနာအသင်းနှင့် အယ်လ်ချီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘာစီလိုနာအသင်းက အယ်လ်ချီအသင်းကို ငါးဂိုး၊ ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ဘာစီလိုနာအသင်းအတွက် သွင်းဂိုးငါးဂိုးကို ပွဲချိန် ၄ မိနစ်နှင့် ၆၇ မိနစ်တွင် ရာဖင်ဟာ၊ ပွဲချိန်(၄၅+၃)မိနစ်တွင် အဒီယီမီ၊ ပွဲချိန် ၇၁မိနစ်နှင့် ၇၉မိနစ်တွင် လိုပက်ဇ်တို့က အသီးသီးသွင်းယူပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ဘာစီလိုနာအသင်းသည် စပိန်လာလီဂါပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၂၈ရက်တွင် ဘီလ်ဘာအိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ (NGB)

## ကာတစ်ဂျုံးစ်ကို အင်တာမီလန်အသင်း ခေါ်ယူ

**မီလန် ဩဂုတ် ၂၄**

အင်တာမီလန်အသင်းသည် လီဗာပူးအသင်း ကွင်းလယ်ကစားသမား ကာတစ်ဂျုံးစ်ကို ပြောင်းရွှေ့ကြေး ယူရို ၃၅ သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် အင်တာမီလန်အသင်းနှင့်အတူ ၂၀၃၁ ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။



ကွင်းလယ်ကစားသမား ကာတစ်ဂျုံးစ်သည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၈-၂၀၁၉ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၂၈ ပွဲကစားပြီး ၂၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အင်တာမီလန်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကာတစ်ဂျုံးစ်က ‘ကျွန်တော် အင်တာမီလန်အသင်းကို ရောက်ရှိခဲ့ပါပြီ။ နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားမှာပါ’ဟု ပြောသည်။

(ဝဲပုံ)

(NGB)

## ဝက်ကင်းစ် အက်စတွန်ဗီလာအသင်းမှ ထွက်ခွာမည်

**လန်ဒန် ဩဂုတ် ၂၄**

အက်စတွန်ဗီလာအသင်း တိုက်စစ်မှူး ဝက်ကင်းစ်သည် လက်ရှိဈေးကွက်အတွင်း၌ အသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။

အသက်(၃၀)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဆော်ဒီကလပ် အယ်လ်ဟီလာအသင်းအပါအဝင် ဥရောပကလပ်အသင်းအချို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တိုက်စစ်မှူး ဝက်ကင်းစ်သည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင် ပွဲစုံ ၂၇၈ပွဲကစားပြီး ၁၀၈ဂိုးသွင်းယူကာ ခြေစွမ်းပြထား သည်။

ထို့ကြောင့် တိုက်စစ်မှူး ဝက်ကင်းစ်အနေဖြင့် အက်စတွန်ဗီလာအသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ကစားသွားမည်လည်း စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ)** (NGB)



### ဘောလုံးသတင်းအတိုအထွာများ

* မန်ယူအသင်းသည် ဘရိုက်တန်အသင်း ကွင်းလယ်ကစားသမား ဘာလယ်ဘာကို ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* တူရကီကလပ် ထရက်ဇွန်စပေါ်အသင်းသည် စပါးအသင်း တိုက်စစ်မှူး ရစ်ချာလီဆန်ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ (NGB)

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်)ပွဲကျန် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၆-၈-၂၀၂၆ နံနက်၀၁း၃၀နာရီ | ဗလင်စီယာ-ဘက်တစ် | ဗလင်စီယာ၁-၁ဘက်တစ် ဘက်တစ်၂-၁ ဗလင်စီယာ |



# စဉ့်ကူးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**စဉ့်ကူး ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်တွင် မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆန်၊ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၇ နာရီက စဉ့်ကူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ ဧည့်ပရိသတ်များက မင်္ဂလာကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြကာ လှူဖွယ်ပစ္စည်းများအား ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် စဉ့်ကူးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ရွာတော်လေးချမ်းမြေ့သာစည်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝရသာမိထံမှ အနုမောဒနာ တရားတော်နာယူခဲ့ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

အဆိုပါ လှူဒါန်းပွဲကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးမောင်မောင်ကျော် ဦးဆောင်မှုဖြင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ရဲမှူး ထွန်းထွန်းနိုင်နှင့် အဖွဲ့ဝင်များ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲနိုင်ထွန်းနှင့် ဌာနဆိုင်ရာများ ပါဝင်သော ပူးပေါင်းအဖွဲ့က စဉ့်ကူးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများအတွက် ကျောင်းတစ်ကျောင်းလျှင် ဆွမ်းဆန်တစ်အိတ်၊ ဆီတစ်ပုံး၊ ကြက်သွန်နီ ၁၀ ပိဿာ၊ ကြက်သွန်ဖြူ သုံးပိဿာ၊ ဆား ငါးပိဿာ၊ နို့ဆီ ခြောက်ဘူး၊ ငွေသား သုံးသိန်းကျပ်နှုန်းဖြင့် ဘုန်းတော်ကြီးကျောင်း ၁၆ ကျောင်းအတွက် စုစုပေါင်း ငွေကျပ် ၁၁,၅၅၅,၂၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**တင်စာလွင်(ပြန်/ဆက်)**

*-*-*-*-*-*-*



# မြို့နယ်စာရေးဆရာအသင်း အမှုဆောင်ကော်မတီ ရွေးချယ်တင်မြှောက်

**ကျောက်ဆည် ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် လူထုအခြေပြု ဗဟိုဌာန၌ ဩဂုတ် ၂၃ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်စာရေးဆရာအသင်းအမှုဆောင်ကော်မတီ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ရွေးချယ်တင်မြှောက်ပွဲ ကြီးကြပ်ရေးကော်မရှင် ဥက္ကဋ္ဌ စာရေးဆရာ မိုး(ကျောက်ဆည်)က ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ အကြောင်းများကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသည့် စာရေးဆရာများက မြို့နယ်အလုပ်အမှုဆောင်ကော်မတီ ငါးဦးအား ရွေးချယ်တင်မြှောက်ခဲ့ရာ ဥက္ကဋ္ဌအဖြစ် ဦးကျော်သန်း ကလောင်အမည် မောင်ခိုင်ကျော်(ကျောက်ဆည်)၊ အတွင်းရေးမှူးအဖြစ် ဒေါ်ခင်ချို ကလောင်အမည် သီတဂူ(ကျောက်ဆည်)၊ ဘဏ္ဍာရေးမှူးအဖြစ် ဒေါ်မေနှင်းအောင် ကလောင်အမည် သန့်ရှင်း(ကိုမြေ)၊ အဖွဲ့ဝင်အဖြစ် ဦးအောင်ကျော်ထွန်း ကလောင်အမည် ဘိုတိုကျော်နှင့် ဦးယဉ်ထွေး ကလောင်အမည် ဝင်းနွယ်ထွေး တို့အား တာဝန်ခွဲဝေခြင်းများ အတည်ပြုခဲ့သည်။

ဆက်လက်၍ စာပေညီလာခံ ကိုယ်စားလှယ်အဖြစ် ဦးကျော်သန်း ကလောင်အမည် မောင်ခိုင်ကျော်(ကျောက်ဆည်)အား ရွေးချယ်ခဲ့ပြီး ရွေးချယ်တင်မြှောက်ခံ အမှုဆောင်ကော်မတီများက သဘာပတိရှေ့မှောက်၌ ကတိသစ္စာခံယူခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၈၅)**

# စားအုန်းဆီ လက်လီ၊ လက်ကား ဖြန့်ဖြူးရောင်းချသည့်ဆိုင်များအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ကျောက်ပန်းတောင်း ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ် စားအုန်းဆီ ဖြန့်ဖြူးရောင်းချမှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် စားအုန်းဆီ လက်လီ၊ လက်ကား ဖြန့်ဖြူးရောင်းချသည့် ဆိုင်များတွင် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ရောင်းချမှု ရှိ၊ မရှိနှင့် အိမ်ထောင်စု တစ်စုလျှင် စားအုန်းဆီ နှစ်ပိဿာငါးဆယ်ကျပ်သားနှုန်း ရောင်းချပေးနေမှုတို့ကို ယမန်နေ့ နံနက် ၁၀ နာရီက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကျောက်ပန်းတောင်းမြို့နယ် စားအုန်းဆီ ဖြန့်ဖြူးရောင်းချမှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်နှင့် အဖွဲ့ဝင်များသည် စားအုန်းဆီ လက်လီ၊ လက်ကား ဖြန့်ဖြူးရောင်းချနေသည့် အရောင်းဆိုင်များအနေဖြင့် သတ်မှတ်ရည်ညွှန်းဈေးနှုန်းအတိုင်း ဗီနိုင်းချိတ်ဆွဲ၍ ဖြန့်ဖြူးရောင်းချခြင်း ရှိ၊ မရှိ၊ အလေးချိန်မှန်ကန်မှု ရှိ၊ မရှိနှင့် ဆီစာအုပ်များကို စနစ်တကျ ထုတ်ပေးခြင်း၊ ခွဲတန်းအရ ရရှိသော ဆီပိဿာချိန်ကို ဌာနမှ ချမှတ်ထားသော မှန်ခြောက်မှန်နှင့်အညီ ပြည်သူများအား အမှန်တကယ် ရောင်းချပေးနေခြင်းတို့ကို လက်လီ၊ လက်ကား ကိုယ်စားလှယ်အရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေးခဲ့ကြပြီး အရောင်းကိုယ်စားလှယ် တာဝန်ခံများနှင့် စားသုံးသူပြည်သူများအား ရောင်းချမှု၊ ဝယ်ယူရရှိမှု အခြေအနေများကို ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်းခဲ့ကြသည်။

ကျောက်ပန်းတောင်းမြို့နယ်၌ စားအုန်းဆီ ဖြန့်ဖြူးရောင်းချရာတွင် အိမ်ထောင်စု ၇၂၃၉၇ စုတို့အား ယခင်ကတည်းက ဆီထုတ်စာအုပ်များ စနစ်တကျပြုလုပ် ရောင်းချနေခြင်းဖြစ်ပြီး ဇူလိုင်လနောက်ဆုံးပတ်မှ စတင်၍ တစ်အိမ်ထောင်စုလျှင် နှစ်ပိဿာငါးဆယ်ကျပ်သားနှုန်းဖြင့် ယခုချိန်အထိ ဆက်လက်ရောင်းချပေးလျက်ရှိကြောင်း၊ စားအုန်းဆီများအား သတ်မှတ်ချက်နှင့်ကိုက်ညီစွာ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ နိုင်ငံတော်မှ ခွင့်ပြုချက်နှင့်အညီ ဖြန့်ခွဲရောင်းချပေးလျက်ရှိကြောင်း၊ ကွင်းဆင်းစစ်ဆေးရာသို့ မြို့နယ်စားအုန်းဆီ ဖြန့်ဖြူးရောင်းချမှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်နှင့်အဖွဲ့ဝင် ဌာနဆိုင်ရာများ၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်မြသန္တာထွန်းနှင့်ဝန်ထမ်းများ လိုက်ပါခဲ့ကြောင်း သိရသည်။

**(အပေါ်ယာပုံ)**

**သဲသဲ(ပြန်/ဆက်)**



# မိုးစပါးစိုက်ပျိုးသည့် အသင်းသားတောင်သူများအား မျိုးစေ့နှင့် သွင်းအားစုများ ပေးအပ်

**မန္တလေး ဩဂုတ် ၂၄**

မန္တလေး၊ အမရပူရမြို့နယ်တွင် မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုလီမိတက်တို့ ပူးပေါင်း၍ စိုက်ပျိုးရေးလုပ်ကိုင်နေသည့် သမဝါယမအသင်းသားတောင်သူများအား မျိုးစေ့နှင့် သွင်းအားစုပေးအပ်ပွဲကို သာလှကျေးရွာနှင့် ဘောဘုံကျေးရွာတို့၌ ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်လေးက စိုက်ပျိုးရေး လုပ်ကိုင်ဆောင်ရွက်နေသော သမဝါယမအသင်းသားများအား မိုးစပါး စီမံကိန်းအတွက် အရင်းမပျောက် မ,တည်ငွေဖြင့် သွင်းအားစုများအား ပံ့ပိုးမည့်အစီအစဉ်များနှင့် စနစ်တကျ စိုက်ပျိုးနိုင်ရန် လိုအပ်သည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သာလှအေးကျေးရွာ၊ သာလှအေးစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ အသင်းသားတောင်သူ ၁၃ ဦး၏ စိုက်ပျိုးဧက ၅၀ နှင့် ဘောဘုံကျေးရွာ အောင်မြင့်မြတ်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ အသင်းသားတောင်သူ ၁၃ ဦး၏ စိုက်ပျိုးဧက ၅၀ အတွက် သမဝါယမကဏ္ဍမှ တိုင်းဒေသကြီး ထောက်ပံ့ငွေ အရင်းမပျောက် မ,တည်ငွေဖြင့် ဧရာမင်း မိုးစပါး စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် တစ်ဧကလျှင် ငွေကျပ် ၂၅၀,၀၀၀ နှုန်းဖြင့် စုစုပေါင်း ဧက ၁၀၀ အတွက် သွင်းအားစုပံ့ပိုး ငွေကျပ် ၂၅,၀၀၀,၀၀၀ ကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌနှင့် အမှုဆောင်များက အဆိုပါကျေးရွာများသို့ သွားရောက်၍ မျိုးစေ့နှင့် သွင်းအားစုများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) လှဲလှဲနိုင်**



# ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**စဉ့်ကိုင် ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ရွာသစ်ကျေးရွာ၌ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးလက်ကုန်ထုတ်လမ်းအကောင်အထည်ဖော် ဖောက်လုပ်နေမှုအား ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦးနှင့် အင်ဂျင်နီယာများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ တိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် မြေသားတင်ကျင်းခင်းခြင်း အမျိုးအစား ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးလက်ကုန်ထုတ်လမ်းအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ လုပ်ငန်းအရည်အသွေး ပြည့်မီစေရန်နှင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားခဲ့သည်။

စဉ့်ကိုင်မြို့နယ်၊ ရွာသစ်ကျေးရွာ၌ လမ်းအရှည်တစ်မိုင်နှင့် ၁ ဒသမ ၀၉ ဖာလုံအား လမ်းအကျယ် ၁၂ ပေ၊ အမြင့်ထု နှစ်ပေ ကိုးလက်မ မြေသားတင်ကျင်းခင်းခြင်း အမျိုးအစား ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံ ငွေကျပ် ၁၀၈ ဒသမ ၆၇၃ သန်းဖြင့် ပြည့်ဝကုမ္ပဏီမှ တာဝန်ယူ၍ ယခုနှစ် ဇွန် ၂၆ ရက်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာလဒုတိယပတ်တွင် လုပ်ငန်းများ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(၄၄၅)**

## တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်နှင့်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဆုပေးပွဲ ကျင်းပ



**မကွေး ဩဂုတ် ၂၄**

မြန်မာ့အားကစားလောက အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် မြို့နယ်ပေါင်းစုံ အားကစားပြိုင်ပွဲများမှတစ်ဆင့် နိုင်ငံ့လက်ရွေးစင် အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်ဘောလုံးအားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်နှင့်အောက် ပြေးခုန်ပစ်ပြိုင်ပွဲဆုပေးပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက တိုင်းဒေသကြီး အားကစားကွင်း၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော အားကစားဝါသနာရှင်များ၊ နည်းပြ၊ အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အမျိုးသား၊ အမျိုးသမီး ၄×၁၀၀၊ ၄×၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲ ယှဉ်ပြိုင်နေမှုအား ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ ဆုပေးပွဲကို ကျင်းပရာ အမျိုးသားအမျိုးသမီး မီတာ ၃၀၀၀၊ မီတာ ၈၀၀၊ မီတာ ၂၀၀၊ မီတာ ၁၀၀ ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး ၄×၁၀၀၊ ၄×၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲများ၊ အလျားခုန်၊ သုံးဆင့်ခုန်၊ လုံးတံပစ်၊ သံလုံးပစ်၊ သံပြားပစ်၊ အမြင့်ခုန်ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကာ အမျိုးသား၊ အမျိုးသမီး အသက်(၁၈)နှစ်အောက် ၄×၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ပထမဆုရရှိသော တောင်တွင်းကြီးမြို့နယ်အသင်းအား ဆုကလပ်နှင့် ငွေသား ဂုဏ်ပြုဆုငွေများနှင့် အမျိုးသား၊ အမျိုးသမီး အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရရှိသော ဆိတ်ဖြူမြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသား ဂုဏ်ပြုဆုငွေတို့ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မောင်ခိုင်မင်း(ပြန်/ဆက်)**



မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ ဓီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မန္တလေး၊ ၆၃(အေ)လမ်း၊ ၄၁(အေ)လမ်းနေ ကွယ်လွန်သူ (ဇနီး)ဒေါ်ထိပ်တင်မေအား ရည်စူး၍ (ခင်ပွန်း)ဦးဖိုးပါ၊ (သား)ဒေါက်တာရဲမြတ်သူ၊ (သမီး) မအေးငြိမ်းသူမိသားစုက တစ်နေ့တာ ဆွမ်းအတွက် ငွေကျပ် ငါးသိန်းနှင့် ကျောက်ကပ်ဆေးပုံး ၁၀ ပုံးတို့အား လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူစဉ်။

(ကဆ)





## အောင်ဘာလေသိန်းဆုဌာနခွဲက ထီလက်မှတ်အက္ခရာ တိုးမြှင့်ရောင်းချ၍ ထီဈေးနှုန်းများ ကျဆင်း

**မန္တလေး ဩဂုတ် ၂၄**

ပြည်တွင်းအခွန်များ ဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲက အကြိမ်(၉၀)မြောက် ငွေကျပ်(၁၀၀၀)တန် အောင်ဘာလေထီလက်မှတ်များကို အက္ခရာ (က)မှ (ဒ)အက္ခရာအထိ အက္ခရာ (၁၈)လုံး ထုတ်ဝေရောင်းချပေးလျက်ရှိပြီး အထူးဆုကြီးငွေကျပ်သိန်း(၅၀၀၀)ဆု အပါအဝင် အထူးဆုကြီးများနှင့် ဝေဝေဆာဆာ ပဒေသာဆုများ ချီးမြှင့်ပေးလျက်ရှိသည်။

ထီဝယ်လိုအား များလာသဖြင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများရှိ နာမည်ကြီးထီဆိုင်ကြီးများတွင် ထီတစ်စောင် ငွေကျပ်၁၄၀၀ အထိ ရောင်းချနေရာမှ ဩဂုတ်လတွင် အောင်ဘာလေသိန်းဆုဌာနခွဲများ ထီလက်မှတ်အက္ခရာ(၁၈)လုံးအထိ တိုးမြှင့်ရောင်းချပေးပြီး 5Digits အောင်ဘာလေ အွန်လိုင်းထီကိုလည်း၁၅ရက်တစ်ကြိမ် ဖွင့်လှစ်ပေးပြီး ဂျက်ပေါ့ဆုကြီးများ ချီးမြှင့်ပေးကာ တစ်လ တစ်ကြိမ်ဖွင့်လှစ်ပေးနေသဖြင့် အောင်ဘာလေထီဈေးနှုန်းများ ငွေကျပ် ၁၀၀၀ အထိ ကျဆင်းလာခဲ့သည်။

အောင်ဘာလေထီဖွင့်ရက်နီးလာသဖြင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးထီဆိုင်များတွင် ထီလက်မှတ် တစ်စောင်လျှင် ငွေကျပ် ၁၁၀၀ ဖြင့် ရောင်းချနေကြကြောင်း သိရသည်။

**(အပေါ်ပုံ) (ဝ၄၅)**

## ချောက်မြို့နယ်၊ ချောင်းတက်ကျေးရွာ၌ ရေစက်ရုံတည်ဆောက်နေမှု စစ်ဆေး

**ချောက် ဩဂုတ် ၂၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု ရန်ပုံငွေဖြင့် ချောင်းတက်ကျေးရွာအုပ်စု၊ ချောင်းတက်ကျေးရွာ၌ ရေစက်ရုံတည်ဆောက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာ ရေရရှိရေး ကော်မတီဝင်များနှင့်အတူ ချောင်းတက်ကျေးရွာ၌ ရေစက်ရုံတည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများအား သတ်မှတ်စံချိန်စံချိန်များနှင့်အညီ အချိန်မီ ပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ချောင်းတက်ကျေးရွာ၌ အလျား ၅ ပေ၊ အနံ ၅ ပေ၊ အမြင့် ၇ ပေရှိ ရေစက်ရုံတည်ဆောက်ခြင်း၊ 10 kwပါဝါမီတာ တပ်ဆင်ခြင်း၊ ရေမြှုပ်ပန့်တပ်ဆင်ခြင်းကို ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ရန်ပုံငွေကျပ် ၂၃ ဒသမ ၀၆ သန်းဖြင့် Zenith Creative Construction Co. Ltd; မှ ၂၀၂၆ ခုနှစ်၊ ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး တစ်နာရီလျှင် ရေဂါလန် ၂၅၀၀ ထွက်ရှိကြောင်း ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်ထံမှသိရသည်။

**(အောက်ပုံ)**

**နော်လူး**



## သီးနှံပေါ်စနစ်ဖြင့် ဓာတ်မြေဩဇာဖြန့်ဖြူးရောင်းချမှု တောင်သူများဖြင့် စာချုပ် ချုပ်ဆိုပွဲကျင်းပ

**မိတ္ထီလာ ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ မိုးသီးနှံအတွက် သီးနှံပေါ်စနစ်ဖြင့် ဓာတ်မြေဩဇာ ဖြန့်ဖြူးရောင်းချမှုတောင်သူများဖြင့် စာချုပ်ချုပ်ဆိုပွဲကို ဩဂုတ် ၂၂ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်အောင်လေးက အမှာစကားပြောကြားခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်နိုင်အေးက မြို့နယ်အတွင်း မိုးသီးနှံအတွက် သီးနှံပေါ်စနစ်ဖြင့် ဓာတ်မြေဩဇာ ဖြန့်ဖြူးရောင်းချမှု တောင်သူများဖြင့် စာချုပ်ချုပ်ဆိုပွဲ ကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျေးရွာအုပ်စုများမှ မိုးသီးနှံစိုက် တောင်သူများကို အစုအဖွဲ့အလိုက် စာချုပ်ချုပ်ဆိုခဲ့ရာ မိုးသီးနှံအတွက် သီးနှံပေါ်စနစ်ဖြင့် ဓာတ်မြေဩဇာ ဖြန့်ဖြူးရောင်းချမှုကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၂၅) အုပ်စုမှ တောင်သူ ၅၂၃ ဦးအား ဖြန့်ဖြူးရောင်းချခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (၄၆၉)**

# အာဖရိကဝက် အပြင်းဖျားရောဂါ ဖြစ်ပွားနေချိန် ပြည်သူများ သိထားသင့်သည့် ကျန်းမာရေးအသိပညာ

ယနေ့ခေတ်တွင် ကမ္ဘာကြီး၏ တစ်နေရာရာ၌ ကူးစက်ရောဂါ တစ်မျိုးဖြစ်ပွားနေသည်ဟူသော သတင်းတစ်ခု ထွက်ပေါ်လာသည်နှင့် လူမှုကွန်ရက်များမှတစ်ဆင့် အချိန်တိုအတွင်း ပျံ့နှံ့သွားတတ်သည်။ အထူးသဖြင့် မိမိတို့နေ့စဉ် စားသုံးနေသည့် အစားအစာနှင့် ဆက်စပ်သော ရောဂါသတင်းဖြစ်ပါက ပြည်သူများအကြား ပိုမိုစိုးရိမ်ကြောက်ရွံ့လာတတ်သည်။ အာဖရိကဝက်အပြင်းဖျားရောဂါ(African Swine Fever - ASF) ဖြစ်ပွားမှုသတင်းများသည်လည်း ထိုသို့ပင်ဖြစ်သည်။ 'ဝက်သားစားလို့ ရသေးလား'၊ 'လူကို ကူးနိုင်သလား'၊ 'ဝက်သားလုံးဝ ရှောင်ရမလား'၊ 'ချက်စားရင် အန္တရာယ်ကင်းသလား' စသည့် မေးခွန်းများ ပေါ်ပေါက်လာတတ်သည်။ ထို့ကြောင့် ASF ရောဂါနှင့်ပတ်သက်၍ မလိုအပ်ဘဲ ထိတ်လန့်ခြင်း မရှိစေရန်နှင့် တစ်ဖက်တွင်လည်း လိုအပ်သည့် အစားအသောက်ဘေးကင်းရေးကို မပေါ့ဆစေရန် မှန်ကန်သော ကျန်းမာရေးအသိပညာ ရှိထားရန် အရေးကြီးပါသည်။

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဖြစ်ပွားသော ဗိုင်းရပ်စ်ကူးစက်ရောဂါတစ်မျိုးဖြစ်ပြီး အိမ်မွေးဝက်များသာမက တောဝက်များတွင်ပါ ဖြစ်ပွားနိုင်သည်။ ရောဂါပြင်းထန်စွာ ဖြစ်ပွားပါက ဝက်များ အစုလိုက်၊ အပြုံလိုက် သေဆုံးနိုင်သဖြင့် ဝက်မွေးမြူရေးလုပ်ငန်းများအတွက် အလွန်ကြီးမားသော စီးပွားရေးဆုံးရှုံးမှု ဖြစ်ပေါ်စေနိုင်သည်။ ရောဂါပိုးသည် ဝက်တစ်ကောင်မှ တစ်ကောင်သို့ တိုက်ရိုက်ကူးစက်နိုင်သကဲ့သို့ ရောဂါပိုးနှင့် ညစ်ညမ်းနေသောအစာ၊ အသား၊ ပစ္စည်းကိရိယာ၊ အဝတ်အစား၊ ဖိနပ်၊ သယ်ယူပို့ဆောင်ရေးယာဉ်နှင့် အခြားပစ္စည်းများမှတစ်ဆင့်လည်း ပျံ့နှံ့နိုင်သည်။ ထို့ကြောင့် ASF ဖြစ်ပွားလာပါက မွေးမြူရေးခြံတစ်ခြံတည်း၏ ပြဿနာအဖြစ် မမြင်သင့်ဘဲ ဒေသတစ်ခုလုံး၏ မွေးမြူရေးလုပ်ငန်းကို ထိခိုက်နိုင်သည့်ရောဂါတစ်ခုအဖြစ် သတိထားကိုင်တွယ်ရန် လိုအပ်သည်။

ASF ရောဂါဖြစ်ပွားသော ဝက်များတွင် အဖျားတက်ခြင်း၊ အစားစားချင်စိတ်လျော့နည်းခြင်း သို့မဟုတ် အစာမစားတော့ခြင်း၊ အားနည်း၍ ငြိမ်သက်နေခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အန်ခြင်း၊ ဝမ်းလျှောခြင်း၊ ကိုယ်ခန္ဓာအချို့နေရာများ အထူးသဖြင့် နားရွက်၊ ဝမ်းဗိုက်နှင့် ခြေထောက်ပိုင်းတို့တွင် နီရဲခြင်း သို့မဟုတ် ညိုမည်းလာခြင်း၊ သွေးယိုခြင်းနှင့် ရုတ်တရက်သေဆုံးခြင်းတို့ တွေ့ရှိနိုင်သည်။ သို့သော် လက္ခဏာများကို ကြည့်ရုံဖြင့် ASF ဟု အတိအကျ ဆုံးဖြတ်၍ မရနိုင်သဖြင့် ရောဂါသံသယရှိပါက သက်ဆိုင်ရာတိရစ္ဆာန်ဆေးကုနှင့် မွေးမြူရေးဆိုင်ရာ တာဝန်ရှိသူများထံ အကြောင်းကြားပြီး လိုအပ်သော စစ်ဆေးမှုများ ပြုလုပ်ရန် လိုအပ်ပါသည်။

ပြည်သူများအတွက် ASF နှင့်ပတ်သက်၍ အရေးအကြီးဆုံး သိထားသင့်သော အချက်တစ်ချက်မှာ ဤရောဂါသည် လူကို ကူးစက်သောရောဂါမဟုတ်ခြင်း ဖြစ်သည်။ တိရစ္ဆာန်များမှ လူသို့ ကူးစက်နိုင်သောရောဂါများကို Zoonotic Diseases ဟု ခေါ်ဆိုကြပြီး ASF သည် ယင်းအုပ်စုတွင် မပါဝင်ပါ။ ASF ဗိုင်းရပ်စ်သည် ဝက်များကို အဓိကထိခိုက်စေပြီး လူတွင် ASF ရောဂါဖြစ်စေသည်ဟူသော အထောက်အထားမရှိပါ။ ထို့ကြောင့် ASF ဖြစ်ပွားမှုသတင်းကြားသည်နှင့် 'ဝက်ကနေ လူကို ရောဂါကူးတော့မယ်' ဟူ၍ မလိုအပ်ဘဲ ထိတ်လန့်ရန် မလိုပါ။

သို့ရာတွင် 'ASF ရောဂါက လူကိုမကူးဘူးဆိုတော့ ဘယ်လိုဝက်သားမဆို စားလို့ရတယ်' ဟု အဓိပ္ပာယ် မကောက်သင့်ပါ။ ASF ရောဂါနှင့် အစားအသောက်ဘေးကင်းလုံခြုံရေး(Food Safety)သည် ဆက်စပ်နေသော်လည်း တူညီသော အကြောင်းအရာ မဟုတ်ပါ။ ASF ဗိုင်းရပ်စ်ကြောင့် လူတွင်ရောဂါမဖြစ်စေသော်လည်း မသန့်ရှင်းသောအသား၊ ပုပ်သိုးနေသောအသား၊ ရောဂါဖြစ်နေသောတိရစ္ဆာန်မှ ရရှိလာသည့်အသား၊ သတ်ဖြတ်ခြင်းနှင့် သယ်ယူသိုလှောင်ခြင်း စနစ်မကျသောအသားများတွင် လူကို ရောဂါဖြစ်စေနိုင်သည့် အခြားဘက်တီးရီးယား၊ ကပ်ပါးပိုးနှင့် ရောဂါပိုးများ ပါဝင်နေနိုင်သည်။

အသားအစိမ်းတွင် Salmonella Campylobacten Yersinia နှင့် အခြားအစားအသောက်မှတစ်ဆင့် ကူးစက်နိုင်သော ရောဂါပိုးများ ပါဝင်နိုင်သည်။ ထိုပိုးများကြောင့် ဝမ်းလျှောခြင်း၊ ဗိုက်အောင့်ခြင်း၊ အန်ခြင်း၊ ဖျားခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း စသည့် အစာအိမ်နှင့်အူလမ်းကြောင်းရောဂါများ ဖြစ်ပွားနိုင်သည်။ အချို့သောသူများတွင် အနည်းငယ်သာ ခံစားရနိုင်သော်လည်း ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များနှင့် ကိုယ်ခံအားနည်းသူများတွင် ပိုမိုပြင်းထန်နိုင်သည်။ ထို့ကြောင့် မကူးစက်ခြင်းနှင့် ဝက်သားကို မည်သို့မဆို မစားနိုင်ခြင်းကို တစ်ခုတည်းအဖြစ် မယူဆသင့်ပါ။

အစားအသောက်ဘေးကင်းရေး၏ ပထမဆုံးအဆင့်မှာ **အသားကို ဘယ်နေရာမှ ဝယ်ယူသလဲ** ဆိုသည့်အချက် ဖြစ်သည်။ ဝက်သားဝယ်ယူရာတွင် ယုံကြည်စိတ်ချရသော သက်ဆိုင်ရာ စစ်ဆေးကြီးကြပ်မှု အသားဆိုင်နှင့်ဈေးဆိုင်များမှသာ ဝယ်ယူသင့်သည်။ ရောဂါဖြစ်နေသည်ဟု သံသယရှိသောဝက်၊ မသေခင်ဖျားနာနေသောဝက်၊ အကြောင်းအရင်းမသိဘဲ သေဆုံးသွားသောဝက်တို့မှရရှိသည့် အသားကို မစားသုံးသင့်ပါ။ ပုံမှန်ထက် အလွန်ဈေးပေါခြင်း၊ မည်သည့်နေရာမှ ရရှိလာသည်ကို မသိနိုင်ခြင်း၊ အနံ့အသက်မကောင်းခြင်း၊ အရောင်ပုံမှန်မဟုတ်ခြင်းနှင့် ထိတွေ့ကြည့်ရာတွင် ပုံမှန်မဟုတ်ခြင်းတို့တွေ့ရှိပါက မဝယ်ယူသင့်ပါ။

အသားဝယ်ယူပြီးနောက် အိမ်တွင် သိမ်းဆည်းပြင်ဆင်ပုံသည်လည်း အရေးကြီးပါသည်။ ဝက်သားအစိမ်းကို အခြားချက်ပြီးသားအစားအစာများနှင့် ထိတွေ့ခြင်းမရှိစေရန် သီးခြားထားသင့်သည်။ ရေခဲသေတ္တာထဲတွင် သိမ်းဆည်းရာ၌လည်း အသားမှထွက်လာသော အရည်များ အခြားအစားအစာများပေါ်သို့ မစီးကျစေရန် သေချာထုပ်ပိုး၍ အောက်ပိုင်းတွင် ထားသင့်သည်။ အသားအစိမ်းကို ကိုင်တွယ်ပြီးနောက် လက်ကို ဆပ်ပြာနှင့်ရေဖြင့် စနစ်တကျဆေးကြောရန် အရေးကြီးသည်။

အသားအစိမ်းလှီးသည့် ဓားနှင့် စဉ်းတီတုံးကို ချက်ပြီးသားအစားအစာ၊ ဟင်းသီးဟင်းရွက် သို့မဟုတ် အသင့်စား အစားအစာများအတွက် မသန့်ရှင်းဘဲ ပြန်လည်အသုံးပြုခြင်း မပြုသင့်ပါ။ အသားအစိမ်းတွင်ရှိနိုင်သည့် ရောဂါပိုးများသည် ဓား၊ စဉ်းတီတုံး၊ ပန်းကန်၊ လက်နှင့် မီးဖိုချောင် မျက်နှာပြင်များမှတစ်ဆင့် ချက်ပြီးသားအစားအစာသို့ ကူးစက်သွားနိုင်သည်။ ယင်းကို Cross Contamination ဟု ခေါ်သည်။ လူအများသည် 'အသားကို ကျက်အောင်ချက်ပြီးပြီဆိုတော့ အန္တရာယ်မရှိတော့ဘူး' ဟု ယူဆတတ်သော်လည်း ချက်ပြီးသားအသားကို အသားအစိမ်းတင်ထားသည့် ပန်းကန်ထဲ ပြန်ထည့်မိခြင်းကဲ့သို့သော အလေ့အကျင့်ကြောင့် ရောဂါပိုး ပြန်လည်ကူးစက်နိုင်သည်ကို သတိထားသင့်သည်။

ဝက်သားကို ချက်ပြုတ်ရာတွင်လည်း အပြင်ဘက်သာ ကျက်ပြီး အတွင်းပိုင်း မကျက်သေးခြင်း မဖြစ်စေရန် လိုအပ်ပါသည်။ အထူးသဖြင့် အသားတုံးကြီးများနှင့် ကြိတ်သားများတွင် အတွင်းပိုင်းအထိ လုံလောက်စွာ အပူရောက်ရန် အရေးကြီးသည်။ အစားအသောက်ဘေးကင်းရေးအတွက် ဝက်သားကို အတွင်းပိုင်းအထိ ကောင်းစွာကျက်အောင် ချက်ပြုတ်သင့်ပြီး အသားအစိမ်း(သို့မဟုတ်)မကျက်တကျက် ဝက်သားစားသုံးခြင်းကို ရှောင်ကြဉ်သင့်သည်။ ဤသို့ ချက်ပြုတ်ခြင်းသည် ASF လူကိုမကူးစက်စေရန်အတွက် မဟုတ်ဘဲ ဝက်သားတွင် ပါဝင်လာနိုင်သည့် အခြားအစားအသောက်ဆိုင်ရာ ရောဂါပိုးများကြောင့် လူနာဖြစ်ခြင်းကို လျှော့ချရန်ဖြစ်သည်။

ASF ဖြစ်ပွားနေသောကာလတွင် ဝက်မွေးမြူသူများ၏ ပူးပေါင်းဆောင်ရွက်မှုသည် ပိုမိုအရေးကြီးလာသည်။ မိမိမွေးမြူထားသော ဝက်များတွင် အဖျားတက်ခြင်း၊ အစာမစားခြင်း၊ အားနည်းခြင်း၊ ကိုယ်ခန္ဓာတွင် နီရဲညိုမည်းလာခြင်း၊ ရုတ်တရက်သေဆုံးခြင်း(သို့မဟုတ်)ဝက်အများအပြား အချိန်တိုအတွင်း ဖျားနာသေဆုံးခြင်းတို့ ဖြစ်ပေါ်ပါက ဖုံးကွယ်မထားသင့်ပါ။ အမြန်ဆုံး သက်ဆိုင်ရာမွေးမြူရေးနှင့် တိရစ္ဆာန်ကျန်းမာရေး တာဝန်ရှိသူများထံ အကြောင်းကြားရန် လိုအပ်သည်။ မိမိ၏ စီးပွားရေးဆုံးရှုံးမည်ကို စိုးရိမ်၍ ဖျားနေသော ဝက်ကို အမြန်ရောင်းချခြင်း၊ အသားအဖြစ် ရောင်းချခြင်း(သို့မဟုတ်) အခြားဒေသသို့ ရွှေ့ပြောင်းခြင်းသည် ရောဂါကို ပိုမိုကျယ်ပြန့်စွာ ပျံ့နှံ့စေနိုင်သည်။

ဝက်မွေးမြူရေးခြံများတွင် ဇီဝလုံခြုံရေး(Biosecurity) စနစ်ကောင်းမွန်စွာ ကျင့်သုံးခြင်းသည် ASF ထိန်းချုပ်ရေးအတွက် အဓိကကျသည်။ ပြင်ပမှ လူများနှင့် ယာဉ်များ ဝက်ခြံအတွင်း အလွယ်တကူ ဝင်ရောက်ခြင်းကို ထိန်းချုပ်ရန်၊ ဖိနပ်နှင့် အသုံးအဆောင်ပစ္စည်းများ သန့်ရှင်းပိုးသတ်ရန်၊ မွေးမြူရေးပစ္စည်းများကို ခြံတစ်ခြံနှင့်တစ်ခြံ အလွယ်တကူ အပြန်အလှန်အသုံးမပြုရန်နှင့် အသစ်ဝယ်ယူလာသော ဝက်များ၏ ကျန်းမာရေးအခြေအနေကိုကြည့်ရန် လိုအပ်သည်။ အစာကျွေးရာတွင်လည်း ရောဂါပိုးပါဝင်နိုင်သော ဝက်သားနှင့် ဝက်ထွက်ပစ္စည်းအကြွင်းအကျန်များကြောင့် ရောဂါပျံ့နှံ့နိုင်ခြေကို သတိပြုရမည်။

ရောဂါဖြစ်၍ သေဆုံးသွားသော ဝက်များကိုလည်း အလွယ်တကူစွန့်ပစ်ခြင်း မပြုသင့်ပါ။ မြစ်ချောင်းထဲသို့ ပစ်ချခြင်း၊ လမ်းဘေးနှင့် လယ်ကွင်းများတွင် စွန့်ပစ်ခြင်း၊ အခြားတိရစ္ဆာန်များ စားသုံးနိုင်သည့်နေရာတွင် ပစ်ထားခြင်းတို့သည် ပတ်ဝန်းကျင် ညစ်ညမ်းစေသည့်အပြင် ရောဂါပိုးကို အခြားနေရာများသို့ ပျံ့နှံ့စေနိုင်သည်။

သက်ဆိုင်ရာ တိရစ္ဆာန်ကျန်းမာရေး တာဝန်ရှိသူများ၏ လမ်းညွှန်ချက်အတိုင်း စနစ်တကျ ကိုင်တွယ်ဖယ်ရှားရန် လိုအပ်ပါသည်။

ASF ဖြစ်ပွားမှုနှင့်အတူ ထပ်တူလိုက်ပါလာတတ်သည့် ပြဿနာတစ်ခုမှာ သတင်းမှားနှင့် ကောလာဟလများဖြစ်သည်။ လူမှုကွန်ရက်ပေါ်တွင် ရင်းမြစ်မသိသောစာများ၊ အသံဖိုင်များနှင့် 'ဝက်သားမစားကြနဲ့' ဟူသည့် သတိပေးချက်များ လျင်မြန်စွာ ပျံ့နှံ့တတ်သည်။ သတင်းတစ်ခုကို တွေ့ရုံဖြင့် အခြားသူများထံ ချက်ချင်းမျှဝေခြင်းထက် သက်ဆိုင်ရာကျန်းမာရေး၊ မွေးမြူရေးနှင့် တိရစ္ဆာန်ကျန်းမာရေးအဖွဲ့အစည်းများ၏ တရားဝင် ထုတ်ပြန်ချက် ဟုတ်၊ မဟုတ် စစ်ဆေးသင့်သည်။ မမှန်ကန်သောသတင်းတစ်ခုကို မျှဝေခြင်းသည် လူအများကို မလိုအပ်ဘဲ ကြောက်ရွံ့စေသည့်အပြင် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းရှင်များနှင့် အသားရောင်းချသူများ၏ အသက်မွေးဝမ်းကျောင်းကိုပါ ထိခိုက်စေနိုင်သည်။

တစ်ဖက်တွင်လည်း· 'ASF က လူကို မကူးဘူး' ဟူသည့် အချက်တစ်ခုတည်းကို ကိုင်စွဲပြီး ရောဂါဖြစ်နေသော ဝက်များကို ရောင်းချစားသုံးခြင်းသည် မှန်ကန်သည့် အစားအသောက်ဘေးကင်းရေး သဘောတရား မဟုတ်ပါ။ အစားအသောက်အဖြစ် အသုံးပြုသည့် တိရစ္ဆာန်များသည် သန့်ရှင်းသော သယ်ယူ၊ သိမ်းဆည်း၊ ရောင်းချမှုစနစ်အောက်တွင် Salaba ရှိရန် လိုအပ်သည်။ 'လူကို မကူး' ဆိုသည်နှင့် 'စားသုံးရန်သင့်တော်' ဆိုသည်မှာ အဓိပ္ပာယ်တူ မဟုတ်ကြောင်း ပြည်သူများ နားလည်ထားသင့်သည်။

ASF ဖြစ်ပွားမှုသည် လူ့ကျန်းမာရေးအတွက် တိုက်ရိုက်ကူးစက်အန္တရာယ်မရှိသော်လည်း လူမှုစီးပွားရေးအရ သက်ရောက်မှုများစွာ ရှိနိုင်သည်။ ဝက်အများအပြား သေဆုံးခြင်း(သို့မဟုတ်) ရောဂါထိန်းချုပ်ရေးအတွက် ဖယ်ရှားရခြင်းများကြောင့် မွေးမြူရေးသမားများ ဆုံးရှုံးမှုကြီးမားနိုင်သည်။ ဝက်သားထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုလျော့နည်းလာပါက ဈေးနှုန်းအပြောင်းအလဲများ ဖြစ်ပေါ်နိုင်ပြီး ဝက်မွေးမြူရေး၊ အသားရောင်းဝယ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်စပ်လုပ်ငန်းများ၏ အသက်မွေးဝမ်းကျောင်းကိုပါ ထိခိုက်စေနိုင်သည်။ ထို့ကြောင့် ရောဂါထိန်းချုပ်ရေးသည် တိရစ္ဆာန်ကျန်းမာရေးကိစ္စတစ်ခုသာ မဟုတ်ဘဲ စားနပ်ရိက္ခာဖူလုံရေးနှင့် လူမှုစီးပွားရေးဆိုင်ရာ အရေးကြီးကိစ္စတစ်ခုလည်း ဖြစ်ပါသည်။

ပြည်သူတစ်ဦးချင်းအနေဖြင့် လုပ်ဆောင်နိုင်သည့်အရာများမှာ မခက်ခဲပါ။ မှန်ကန်သောသတင်းအရင်းမြစ်ကိုသာ ယုံကြည်ရန်၊ မသေချာသောသတင်းကို မမျှဝေရန်၊ ယုံကြည်စိတ်ချရသောနေရာမှ အသားဝယ်ရန်၊ မူမမှန်သောအသားကို မစားရန်၊ အသားအစိမ်းနှင့် အကျက်ကို သီးခြားထားရန်၊ လက်နှင့် မီးဖိုချောင်သုံးပစ္စည်းများကို သန့်ရှင်းစွာထားရန်၊ ဝက်သားကို လုံလောက်စွာကျက်အောင် ချက်ပြုတ်ရန်နှင့် သက်ဆိုင်ရာဌာနများ၏ ထုတ်ပြန်ချက်များကို လိုက်နာရန်တို့ဖြစ်သည်။ ဝက်မွေးမြူသူများအနေဖြင့်မူ ရောဂါသံသယ တွေ့ရှိသည်နှင့် ဖုံးကွယ်ခြင်းမပြုဘဲ သက်ဆိုင်ရာဌာနသို့ အမြန်ဆုံး အကြောင်းကြားခြင်းက အရေးကြီးဆုံးဖြစ်သည်။

အထူးသဖြင့် ကျန်းမာရေးပညာပေးရာတွင် ပြည်သူများ မှတ်သားထားသင့်သော စကားတစ်ခွန်းမှာ 'ASF ကို မလိုအပ်ဘဲ မကြောက်ပါနှင့်၊ အစားအသောက်ဘေးကင်းရေးကိုတော့ မပေါ့ဆပါနှင့်' ဟူ၍ ဖြစ်သည်။ ASF သည် ဝက်များအတွက် အလွန်ပြင်းထန်သော ကူးစက်ရောဂါဖြစ်သော်လည်း လူကို ASF ရောဂါ ဖြစ်စေသော ရောဂါမဟုတ်ပါ။ သို့သော် မည်သည့် အသားအမျိုးအစားကို စားသုံးသည်ဖြစ်စေ သန့်ရှင်းမှု၊ အရင်းအမြစ် ယုံကြည်စိတ်ချရမှု၊ မှန်ကန်သော သိုလှောင်မှုနှင့် လုံလောက်စွာချက်ပြုတ်မှုတို့သည် လူ့ကျန်းမာရေးအတွက် အမြဲအရေးကြီးနေမည်ဖြစ်သည်။ ထို့ကြောင့် အာဖရိကဝက်အပြင်းဖျားရောဂါ ဖြစ်ပွားနေသည်ဟူသော သတင်းကြားရသည့်အခါ ကြောက်ရွံ့မှုဖြင့် တုံ့ပြန်မည့်အစား အသိပညာဖြင့် တုံ့ပြန်သင့်ပါသည်။ ဝက်မွေးမြူသူ၊ အသားရောင်းချသူ၊ စားသုံးသူနှင့် သက်ဆိုင်ရာတာဝန်ရှိသူများအားလုံး မိမိတို့တာဝန်ကိုယ်စီ မှန်ကန်စွာဆောင်ရွက်ကြပါက ရောဂါပျံ့နှံ့မှုကို လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ ပြည်သူများ၏ အစားအသောက်ဘေးကင်းရေးကိုလည်း ကာကွယ်နိုင်မည်ဖြစ်သည်။ ရောဂါဖြစ်ပွားချိန်တွင် အကြောက်တရားထက် အသိပညာက ပိုအရေးကြီးပြီး ကောလာဟလထက် မှန်ကန်သောသတင်းအချက်အလက်က ပိုတန်ဖိုးရှိပါသည်။ မှန်ကန်သောအသိ၊ သန့်ရှင်းသောအစားအသောက်နှင့် တာဝန်ရှိသော ပူးပေါင်းဆောင်ရွက်မှုတို့သည် ASF ဖြစ်ပွားချိန်တွင် ပြည်သူများနှင့် မွေးမြူရေးကဏ္ဍကို အကောင်းဆုံးကာကွယ်ပေးနိုင်မည့် အခြေခံအင်အားများပင် ဖြစ်ပါသည်။

မန္တလာ ဆရာမျိုး

## စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲများ ကျင်းပ



**ချောက် ဩဂုတ် ၂၄**

မကွေးတိုင်းဒေသကြီး၊ချောက်ခရိုင်၊ ချောက်မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာ ဦးစီးဌာနတို့ပူးပေါင်း၍ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ စာဖတ်သည့် အလေ့အကျင့်ရရှိကာ အသိပညာဗဟုသုတတိုးပွားစေရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၉နာရီက အ·လ·က(၃)ကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အ·လ·က(၃) ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုထင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိမွန်က ကျောင်းသား၊ ကျောင်းသူများ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်ရည်ရွယ်၍ စာဖတ်ခြင်းမှရရှိလာမည့် အမှားအမှန်၊ အဆိုး၊ အကောင်းများနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်မြတ်မြတ်မိုးက စားသုံးရန်မသင့်သော အစားအစာများနှင့် ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအသောက်များအကြောင်း အသီးသီးဟောပြောခဲ့သည်။

(ဓါတ်ပုံ)

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်၊ မူးယစ်ဆေးဝါး အသိပညာပေး နံရံကပ်စာစောင်များ ပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်ရည်ရွယ်၍ မီနီအိုးဝေဖြင့် Mobile Library စနစ်ဖြင့် စာအုပ်များငှားရမ်းခြင်း၊ စာအုပ်များ ဖတ်ရှုစေခြင်း ဆောင်ရွက်ပေးခဲ့ပြီး သုတ၊ ရသစာအုပ်ပေါင်း ၃၅၀ အုပ် ပြသငှားရမ်းခဲ့ရာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ကျောင်းသူများက စိတ်ဝင်တစား လေ့လာငှားရမ်းဖတ်ရှုခဲ့သည်။

ဆက်လက်၍ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံက ကျောင်းမုန့်ဈေးတန်းဆိုင်များအား အစားအသောက်များ သန့်ရှင်းစွာထားရန်၊ ဆိုးဆေးပါဝင်သော အစားအသောက်ရှောင်ကြဉ်စားသောက်စေရေး၊ ကုန်အမှတ်တံဆိပ် ပြည့်စုံစွာ ဖော်ပြစေရေးနှင့် သက်တမ်းလွန်မုန့်များ မရောင်းချစေရန်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

၀-၀-၀-၀-၀

## အသိပညာပေးဟောပြောပွဲ၊ စာအုပ်၊ စာစောင်ပြပွဲနှင့် ပြိုင်ပွဲများ ကျင်းပ

**ပုသိမ်ကြီး ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ဩဂုတ် ၂၂ ရက် နံနက် ၁၀ နာရီက ကျောင်းသားလူငယ်များ အသိပညာဗဟုသုတရရှိစေရန်ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲ၊ စာအုပ်၊စာစောင်ပြပွဲနှင့် ပြိုင်ပွဲများကို ကျင်းပလျက်ရှိသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းက အမှတ်(၂၄) အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား သဘာဝဘေးအန္တရာယ်အကြောင်း အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့သည်။ထို့နောက် စာအုပ်၊စာစောင်နှင့် နံရံကပ်ပိုစတာများကို ကျောင်းသား၊ ကျောင်းသူများက လေ့လာမှတ်သားကြည့်ရှုကြသည်။

ဆက်လက်၍ ပုံပြော၊ ကဗျာရွတ်၊ ကျပန်း၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ စာဖတ်ဝိုင်း၊ စာစီစာကုံး၊ ပန်းချီပြိုင်ပွဲများအား ကျင်းပခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက ပျော်ရွှင်စွာ ပါဝင်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**ရွှေရန်ကင်း**



ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယုန်ကလေး

## ချစ်သောကဗျာ

\- - - - - - - - - - - - - -

* ဘဝကို ကွန်ပျူတာထဲထည့်
ကိုယ်တိုင်ဂရပ်ဖစ်ထုပ်
ရွေးချယ်ခဲ့ကြတာပဲ ။
နလုံးသားကို လောင်စာသဖွယ်ထား
ပန်းသီးတစ်လုံးရဲ့ရာဇဝင်ကို ရှာပြီး
အရသာချိုမြိန်တဲ့ ကဗျာကို စားသုံးခဲ့တယ် ။

* သက်တော်ရာကျော်ရှည်တဲ့ မြို့ကြီးမှာ
ရှာဖွေလေ တွေ့ရှိလေ
ပြောလို့ရယ်မကုန် သမိုင်းကြောင်းတွေနဲ့
မြို့ရဲ့ရှုခင်းကို လွှမ်းထဲထည့်
ကဗျာတွေ ရက်လုပ်ခဲ့တယ် ။

* လရောင်အောက်က
ဦးပိန်တံတား အရှည်ကြီးရဲ့
အလွမ်းကဗျာရဲ့
အလွမ်းကဗျာ
အရဏ်ဦးက ဆည်းလည်းသံ
အင်းရေပြင်ပေါ်ပျံ့ဝဲ ငှက်မျိုးစုံရဲ့
အလွမ်းကဗျာ
အသည်းနှလုံးမြို့ထဲမှာ
ကဗျာတွေ ထွန်းကားနေသမျှ
ကမ္ဘာကြီးရှင်သန်နေဦးမှာ ။ ။

**လူပြာထက်**




## ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန် ရုပ်ပြပုံပြောခြင်း ဆောင်ရွက်

**တောင်တွင်းကြီး ဩဂုတ် ၂၄**

မကွေးတိုင်းဒေသကြီး၊မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်တွင် ကျောင်းစာအပြင် ပြင်ပ ဗဟုသုတရှာဖွေရန် စိတ်ဝင်စားသည့် ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်ထားသည့် ပြည်သူ့စာကြည့်တိုက် ကလေးစာဖတ်ခန်းသို့ လာရောက်၍ စာအုပ်၊စာစောင်များ လေ့လာဖတ်ရှုကြသည်။

စာကြည့်တိုက်တွင် သုတ၊ ရသစာအုပ်များ၊ ကလေးများအကြိုက် ရုပ်ပြကာတွန်းများ၊ ပုံပြင်များ၊ တေဇ၊ မိုးသောက်ပန်း၊ ရွှေသွေး၊ HappyTime၊ တိုင်းရင်းသားရိုးရာ ရုပ်ပြပုံပြင်များ၊ ဉာဏ်စမ်းပဟေဠိ စာအုပ်များ စသည့် စာအုပ်၊ စာစောင်များအပြင် ကလေးများအကြိုက် ပြိုင်ပွဲအစီအစဉ်များ ပြုလုပ်ပေးကာ အမှတ်တရဆုလက်ဆောင်များ ချီးမြှင့်ပေးခဲ့ကြောင်း၊ ကလေးများအတွက် ကလေးစာပေဖတ်ရှုခြင်းအပြင် စာကြည့်တိုက်ကို ဗဟုသုတရှာဖွေရာနေရာတစ်ခုအဖြစ် ဖွင့်လှစ်ထားရှိသည့်အပြင် ဟောပြောပွဲများ၊ ဆွေးနွေးပွဲများနှင့် Talk Show များ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိသည်။

တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက်အတွင်းရှိ ကလေးစာဖတ်ခန်းကို သီးသန့်ဆောင်ရွက်ထားပြီး ကလေးများအကြိုက်၊ ပုံပြင်ပြောပြခြင်း၊ ဆေးရောင်ခြယ်ခြင်း၊ အရုပ်ဆက်ခြင်း၊ စကားပုံဆက်ခြင်း၊ စက္ကူအရုပ်ခေါက်ပြိုင်ပွဲ၊ စာဖတ်စွမ်းရည် စသည့် ပြိုင်ပွဲများကို လစဉ်ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

**နောင်နောင် (မိသနီးမြေ)**



## ကြော်ငြာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ်(၇၄၅)၊ ဦးပိုင်အမှတ်(၅က + ၆ဃ)၊ ၃၁လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ယဉ်ယဉ်(၉/မရမ(နိုင်)၀၇၈၅၆၄)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၂၃၀/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အေးအေးနိုင်(၅/မရန(နိုင်)၀၁၆၅၅၇)က အမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ်(၇၄၅)၊ ဦးပိုင်အမှတ်(၅-ခ)၊ ၃၁လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ယဉ်ယဉ်(၉/မရမ(နိုင်)၀၇၈၅၆၄)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၂၃၀/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အေးအေးနိုင်(၅/မရန(နိုင်)၀၁၆၅၅၇)က အမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ တက်နေလင်းကိုယ်ပိုင်အထက်တန်းကျောင်း Grade -12 တွင် ပညာသင်ယူနေသော ကျောင်းဝင်အမှတ်(၁၅၃၄) မသက်စုဝင်းထွဋ်၏ ဖခင်အမည်မှန်မှာ ဦးသောင်းထွန်းဦးဖြစ်ပါကြောင်း။

**ဦးသောင်းထွန်းဦး(၉/မတရ(နိုင်)၀၉၈၃၃၂)**

## ဖခင်အမည်မှန်

မန္တလေးတိုင်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(၁)ဘက အထက်တန်းကျောင်းခွဲ၊ မဟာဂန္ဓာရုံ Grade-9 မှ မဝေမီမီသာ ကျောင်းဝင်အမှတ်(၃၂၂၄)၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးပြည့်ဖြိုးအောင်ဖြစ်ပါကြောင်း။

**ဦးပြည့်ဖြိုးအောင်(၈/ရစက(နိုင်)၁၃၇၁၄၅)**

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၆-၈-၂၀၂၆)ရက်၊ စာ(၁၇) ဒေါ်သန္တာထွေး(၉/မရမ(နိုင်)၀၁၁၆၄၈)၏ အိမ်ဆောက်မိန့်ကြော်ငြာတွင် နံကပ်(၃)ထပ်အစား RC (၃)ထပ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကြော်ငြာ

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၅၈၈-ဂ/G)၊ ဦးပိုင်အမှတ်(၁၁)၊ ၆၇လမ်းနှင့် ၆၈လမ်းကြား၊ ၁၄၆(G)လမ်းနှင့် ၁၄၆(H)လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစောနိုင်(ခ)လီချင်းစိန်(၉/မရတ(နိုင်)၁၀၆၅၁၁)၊ ဒေါ်လောဆုံ(၉/မရတ(ပြု)၀၀၀၀၀၁)တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၆၇၃/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အေးအေးနိုင်(၅/မရန(နိုင်)၀၁၆၅၅၇)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာ

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၅၈၈-ဂ/G)၊ ဦးပိုင်အမှတ်(၁၃)၊ ၆၇လမ်းနှင့် ၆၈လမ်းကြား၊ ၁၄၆(G)လမ်းနှင့် ၁၄၆(H)လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစောနိုင်(ခ)လီချင်းစိန်(၉/မရတ(နိုင်)၁၀၆၅၁၁)၊ ဒေါ်လောဆုံ(၉/မရတ(ပြု)၀၀၀၀၀၁)တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၆၇၃/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အေးအေးနိုင်(၅/မရန(နိုင်)၀၁၆၅၅၇)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၈ဓ-၁၉)၊ ဦးပိုင်အမှတ်(၆)၊ လမ်း၅၀နှင့် ၅၁လမ်းကြား၊ ၁၀၈လမ်းရှိ တကက ရွှေသိန်းအမည်ပေါက် တောဂရန်မြေကွက်အား၊ တရားလို ဒေါ်ကျင်စိန်က တရားပြိုင် တပ်ကြပ်ကြီး ရွှေသိန်း(ခ)ဦးရွှေသိန်းအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၂၁/၂၀၂၆)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်ကျင်စိန်(၁၃/ပလတ(နိုင်)၀၁၂၃၇၅)က ၂၄၀၀ိ/၊ ၄၀၀၀ိ/၊ ငွေသွင်းပြေစာများ၊ မြေချထားမိန့်၊ တောဂရန်၊ တရားရုံးအမိန့်တို့ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၃)၊ ဦးပိုင်အမှတ်(၄၅)၊ လမ်း၅၀နှင့် ၅၁လမ်းကြား၊ ၁၁၇လမ်းနှင့် ၁၁၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရင်ရင်မြ(၉/မနတ(နိုင်)၀၁၈၀၈၃)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၄၇၁၁/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မိုးနှင်းနိုင်(၉/ပဥလ(နိုင်)၀၁၇၆၀၅)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၄)၊ ဦးပိုင်အမှတ်(၆၄-ခ)၊ ၅၄လမ်းနှင့် ၅၅လမ်းကြား၊ ၁၀၂လမ်းနှင့် ၁၀၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသန်းဝင်း(၉/အမဇ(နိုင်)၀၁၄၁၁၉)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၉၁၆၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်စုစုစန်း(၁၃/မဆတ(နိုင်)၀၅၈၄၆၅)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာ

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၅၈၈-ဂ/G)၊ ဦးပိုင်အမှတ်(၁၄)၊ ၆၇လမ်းနှင့် ၆၈လမ်းကြား၊ ၁၄၆(G)လမ်းနှင့် ၁၄၆(H)လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစောနိုင်(ခ)လီချင်းစိန်(၉/မရတ(နိုင်)၁၀၆၅၁၁)၊ ဒေါ်လောဆုံ(၉/မရတ(ပြု)၀၀၀၀၀၁)တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၆၇၃/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အေးအေးနိုင်(၅/မရန(နိုင်)၀၁၆၅၅၇)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ယ-၄)၊ ဦးပိုင်အမှတ်(၉၃)၊ လမ်း၇၀နှင့် ၇၁လမ်းကြား၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြားရှိ ဦးကျော်မြင့်အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၁၄၉/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်ခင်အုံးစီ(ခ)ခင်အုန်းစီ(၉/မနမ(နိုင်)၀၅၆၅၅၇)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၅၉၉/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အေးအေးမြင့်(၁/မကန(နိုင်)၀၂၉၂၀၇)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၄၂)၊ ဦးပိုင်အမှတ်(၇၄-က)၊ လမ်း၈၀၊ ၃၅လမ်းနှင့် ၃၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကျန်ကွေဖန်(ခ)လီလီ(၁/မကန(ဧည့်)၀၀၀၃၀၇)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၉၆၃/၂၀၁၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကြောင်ဖစော်(ခ)သောင်းဝင်း(၅/ခတန(ပြု)၀၀၀၁၄၆)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၈)၊ ဦးပိုင်အမှတ်(၁၄၆)၊ ၅၇လမ်းနှင့် ၅၈လမ်းကြား၊ ၁၁၅လမ်းနှင့် သံလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကေးကေး(ခ)အိမွေ(၉/ဝတန(နိုင်)၁၀၅၃၅၄)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၄၆၈၆/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မြမြစိန်(၉/ဝတန(နိုင်)၀၉၄၀၀၄)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၂၅)၊ ဦးပိုင်အမှတ်(၁၂)၊ သင်္ဂဇာချောင်းအနောက်ဘက်ပတ်လမ်းနှင့် အောက်ကမ်းနားလမ်းကြား၊ ၂၆လမ်းနှင့် ၂၈လမ်းကြားရှိ ဒေါ်မိ ပါ-၃အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၃၃၅/၂၀၀၄)ဖြင့် အမွေဆက်ခံခဲ့သည့် ဦးအေးမောင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၁၄၁/၂၀၀၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ညွန့်ညွန့်အေး(၉/မရမ(နိုင်)၀၁၁၀၅၄)က အမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဒ-၄)၊ ဦးပိုင်အမှတ်(၁၁၄-က)၊ ၃၇လမ်းနှင့် ၃၈လမ်းကြား၊ ၆၂(A)လမ်းနှင့် ၆၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသန့်ဇော်(၁၃/နခတ(နိုင်)၀၆၇၄၁၁)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဒ-၆)၊ ဦးပိုင်အမှတ်(၁၀-ခ)၊ ၆၃လမ်းနှင့် ၆၄လမ်းကြား၊ ၃၈လမ်းနှင့် ၃၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မကျော့နိုင်(ခ)မီမီသင်း(၉/ခအဇ(နိုင်)၀၀၁၆၆၇)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၁၀)၊ ဦးပိုင်အမှတ်(၂၆)၊ လမ်း၆၀(B)နှင့် ၆၁လမ်းကြား၊ ၁၃၂လမ်းနှင့် ၁၃၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်သန်း(၉/မနမ(နိုင်)၀၆၉၄၉၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ခ-၅)၊ ဦးပိုင်အမှတ်(၅၀-က)၊ ၄၁လမ်းနှင့် ၄၂လမ်းကြား၊ ၆၆လမ်းနှင့် ၆၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကြည်စိန်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၀၂၀/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ယုယုရည်(၁/မကတ(ဧည့်)၀၀၀၂၆၃)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၇၆၉)၊ ဦးပိုင်အမှတ်(၁-ဓ/၃)၊ လမ်း၃၀နှင့် ၃၁လမ်းကြား၊ ၆၇လမ်းနှင့် ၆၈လမ်းကြားရှိ ဂရန်မြေကွက်အား၊ အမည်ပေါက်သူခင်ပွန်း ဦးညွန့်မောင်ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်တင်မြိုင်(၉/မရမ(နိုင်)၀၀၉၅၅၂)က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာ

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၅၈၈-ဂ/G)၊ ဦးပိုင်အမှတ်(၁၂)၊ ၆၇လမ်းနှင့် ၆၈လမ်းကြား၊ ၁၄၆(G)လမ်းနှင့် ၁၄၆(H)လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစောနိုင်(ခ)လီချင်းစိန်(၉/မရတ(နိုင်)၁၀၆၅၁၁)၊ ဒေါ်လောဆုံ(၉/မရတ(ပြု)၀၀၀၀၀၁)တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၆၇၃/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အေးအေးနိုင်(၅/မရန(နိုင်)၀၁၆၅၅၇)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၇)၊ ဦးပိုင်အမှတ်(၁၀-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၇၆)ဧက အကျယ်အဝန်းရှိ ဒေါ်စီတာကူမာရီ(ခ)သီတာရွှေ၊ ဒေါ်မာလာရွှေ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ထားသူဖြစ်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဒေါ်အေးမြနွယ်(ဘ)ဦးဖိုးဝန်(၉/မရတ(နိုင်)၀၁၅၅၃၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/ ၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(ဠ-၁)၊ ဦးပိုင်အမှတ်(၂၁)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးကျော်တင်မောင် အမည်ပေါက် ဂရန်မြေကွက်၊ ဦးပိုင်အမှတ်(၂၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးလှမြင့်၊ ဒေါ်ရီရီပြုံး၊ ဒေါ်အေးအေးပြုံး၊ ဒေါ်ကြည်ကြည်ပြုံး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ထားသူဖြစ်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဦးရာဇာမင်း(ဘ)ဦးကျော်မြင့်(၅/မမတ(နိုင်)၀၄၂၉၂၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/ ၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၂၂)၊ ဦးပိုင်နံပါတ်(၁၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၆၀×၄၀)ပေ အကျယ်အဝန်းရှိ ဦးသောင်းရွှေ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း(၁၀×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မာမျိုးအေး(ဘ)ဦးအေးဝင်း(၉/ခမစ(နိုင်)၀၄၆၇၇၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓေ-၂၆)၊ ဦးပိုင်အမှတ်(၁၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၆၀×၄၀)ပေ အကျယ်အဝန်းရှိ ဦးကိုကိုဦး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံးနှင့်ကပ်လျက် မြောက်ဘက်ခြမ်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မိုးဆန်း(ဘ)ဦးအောင်လွင်(၅/ဝလန(နိုင်)၀၉၈၁၄၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀

## မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၈၀-၉)၊ ဦးပိုင်အမှတ်(၉၅)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့်ပတ်သက်ပြီး အများသိစေရန် အသိပေးကြေညာခြင်း

အထက်ပါဂရန်မြေကွက်အား မန္တလေးမြို့၊ စာချုပ်ရုံး၏ (၁၇-၂-၂၀၂၅)ရက်စွဲပါ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ်-(၅၆၂/၂၀၂၅)အရ (ဒေါ်ဌွန်းတုန်း)မှ လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

အထက်ပါ ဂရန်မြေဝယ်ယူခဲ့သူ (ဒေါ်ဌွန်းတုန်း)မှာ တရားဝင်တစ်ဦးတည်းသော ခင်ပွန်းဖြစ်သူ ဦးနော်အောင်(ခ)ဦးနော်ထောင်နှင့် အိမ်ထောင်ကျပြီး လွန်ခဲ့သော (၂၈-၃-၂၀၂၅)ရက်က လှုပ်ခတ်ခဲ့သော သဘာဝဘေးငလျင်ကြီးကြောင့် မန္တလေးမြို့၊ Sky Villa Condo ပြိုကျမှုတွင် (ပိမိ၍)ကွယ်လွန်သွားခဲ့ပါသည်။ ၎င်းနှင့်အတူ အထက်ပါဂရန်မြေကွက်၏ စာရွက်စာတမ်းမူရင်းများဖြစ်သော တပ်ကြပ်စိုးဝင်းအမည်ဖြင့် လမ်းဖိုး/မြေဖိုး ငွေသွင်း ၂၄၀၀ိ/-မူရင်း(၁)စောင်၊ ၄၀၀၀ိ/-ငွေသွင်းမူရင်း(၁)စောင်၊ ၆၄၀၀ိ/-ဘဏ်ချလန်မူရင်း(၁)စောင်၊ မြေချမိန့်စလစ်မူရင်း(၁)စောင်၊ တောဂရန်အမှုတွဲအမှတ်-(၅၁၈၂/၉၂-၉၃)မူရင်းနှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ်-၅၆၂/၂၀၂၅ တို့မှာ အဆိုပါသဘာဝဘေးငလျင်ကြီး လှုပ်ခတ်စဉ်က ပါသွားခဲ့ပါသည်။

ဇနီးဖြစ်သူ (ဒေါ်ဌွန်းတုန်း)ကွယ်လွန်သွားပြီးဖြစ်၍ ကျန်ရစ်သူ ခင်ပွန်းဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးနော်အောင်(ခ)ဦးနော်ထောင်မှ အမွေဆက်ခံပိုင်ဆိုင်ကာ လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်လျက်ရှိပြီး ၎င်းအမည်ပေါက် ဂရန်ရရှိသည်အထိ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာရုံးဌာနအသီးသီးတို့တွင် လျှောက်ထားသွားမည်ဖြစ်ပါသည်။

ထိုလျှောက်ထားခြင်းနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများယူဆောင်လာ၍ သက်ဆိုင်ရာရုံးများတွင်ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက ဤလျှောက်ထားမှုကို ဥပဒေလုပ်လုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ဦးနော်အောင်(ခ)ဦးနော်ထောင် | ဦးအောင်ချစ်စိန် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၂၆၆) |
| (၁၃/ကစန(နိုင်)၀၈၁၂၈၂) | ၃၉လမ်းနှင့်လမ်း၄၀ကြား၊ ၅၆လမ်းနှင့် ၅၇လမ်းကြား၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ |
| | ဖုန်း ၀၉-၄၄၀၉၉၇၇၈၈၊ ၀၉-၉၇၂၉၀၇၇၈၈ |

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၀)၊ ဦးပိုင်အမှတ်(၄၀)၊ ဧရိယာ(၄၀×၆၀)ပေ အကျယ်အဝန်းရှိ တပ်သားချိုတူး အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ဧရိယာ(၂၀×၆၀)ပေ အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ မိမိက မူလဂရန်အမည်ပေါက်သူ ထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရောက်ဝယ်ယူထားသော ဂရန်မြေကွက်ဖြစ်ပါကြောင်းနှင့် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်များ အပြည့်အဝရှိပါကြောင်း အဆိုပြုရောင်းချသူ ဦးစိန်ကြွယ်(ဘ)ဦးရန်ဖူချိန် (၁၃/နခန(ပြု)၀၀၀၂၈၅)ထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများ ယူဆောင်လာ၍ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ချစ်စိန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၂၆၆)**
**၃၉လမ်းနှင့်လမ်း၄၀ကြား၊ ၅၆လမ်းနှင့် ၅၇လမ်းကြား၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၄၀၉၉၇၇၈၈၊ ၀၉-၉၇၂၉၀၇၇၈၈**

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၆၈လမ်း၊ ၁၁၁လမ်းနှင့်၁၁၁(အေ)လမ်းကြားနေ ဦးမေလီဟုန်(ဘ)ဦးမေရှော့ပင်း(၁၃/ကခန(နိုင်)၀၁၈၆၆၅)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်ပါသည်။

ရှင်လီ
SL
ကုန်မာနှင့်အိမ်ဆောက်ပစ္စည်း
顺利五金建材

**မှတ်ပုံတင်စာချုပ်အမှတ်(၁၂၂ / ၂၀၂၆)**

အထက်ဖော်ပြပါ **'ရှင်လီ SL'** ကုန်အမှတ်တံဆိပ်ကို မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်မြွက်ဟကြေညာစာချုပ်အမှတ်(၁၂၂/၂၀၂၆)ဖြင့် တရားဝင်မှတ်ပုံတင်သွင်းခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေမှ အဆိုပါကုန်အမှတ်တံဆိပ်အမှတ်အသား(လိုဂို)များကို ကုန်မာနှင့် အိမ်ဆောက်ပစ္စည်းအမျိုးမျိုးတို့အား လက်လီလက်ကား ဖြန့်ဖြူးရောင်းချရာတွင် ယင်းပစ္စည်းများကို ထည့်သွင်းရောင်းချမည့် ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူး၊ စက္ကူပတ်၊ စက္ကူဘူး၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်းများပေါ်တွင်လည်းကောင်း၊ ဆိုင်းဘုတ်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ ငွေပြေစာဖြတ်ပိုင်း၊ အင်တာနက်၊ Facebook ၊ Telegram ၊ Tiktok အစရှိသည့်တို့အပေါ်တွင် ကြေညာခြင်း၊ အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ကို ဖိနှိပ်၍၊ ကပ်နှိပ်၍ အသားတံဆိပ်ပြုလုပ်၍ အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဤအမည်အမှတ်တံဆိပ်အမှတ်အသားကို အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေရန် တစ်စိတ်တစ်ဒေသဖြစ်စေ၊ ဆင်တူယိုးမှား ထင်ယောင်ထင်မှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တုပသုံးစွဲခြင်းမပြုရန်နှင့် အမည်အမှတ်အသား ပုံစံတူပြုလုပ်ခြင်း၊ နာမည်တူ/ပုံစံတူပြုလုပ်ခြင်း၊ နာမည်တူ/လုပ်ငန်းတူလုပ်ကိုင်ခြင်းပြုလုပ်သုံးစွဲနေကြောင်း တွေ့ရှိပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဖြူသီမြင့် (LL.B, D.BL)** | **ဒေါ်ဟန်စုမာ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**၅၄လမ်း၊ ၁၁၈လမ်းနှင့်၁၁၉လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၆၁၁၅၉၅၄၄**

❖ နိုင်ငံတော် ရှေ့သို့ကို ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် မန္တလေးမြို့ ရတနာပုံသင်္ဘောကျင်းဆိပ်ရှိ ရေပေါ်သင်္ဘောဟိုတယ်များ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**မန္တလေး ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရီးစဉ်ဒေသများသို့ လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာ တည်းခိုနေထိုင်နိုင်ရေး၊ မြစ်တွင်းအပျော်စီးသင်္ဘော ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး "RV-Samatha"၊ "RV-Amarapura"၊ "RV-Princess" နှင့် "RV-PanHtwar" သင်္ဘောဟိုတယ်များသည် မန္တလေးမြို့ ရတနာပုံသင်္ဘောကျင်းဆိပ်၌ ရေပေါ်ဟိုတယ်များအဖြစ် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ သင်္ဘောဟိုတယ်များကို ဩဂုတ် ၂၂ ရက်က ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ကြည့်ရှုစစ်ဆေးရာ သင်္ဘောဟိုတယ်များမှ တာဝန်ရှိသူများက သင်္ဘောဟိုတယ်အသီးသီး၏ ဖွဲ့စည်းတည်ဆောက်ထားရှိမှု၊ တည်းခိုနေထိုင်နိုင်သည့် အိပ်ခန်းများ ထည့်သွင်းစီစဉ်ဆောင်ရွက်ထားရှိမှု၊ အပတ်စဉ် စနေနေ့တိုင်း ဧည့်သည်များကို ညအိပ်လက်ခံဝန်ဆောင်မှုပေး၍ နောက်တစ်ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတံတားဘက်သို့ ခုတ်မောင်းကာ ရှုခင်းကြည့်ခရီးစဉ်အဖြစ် ပို့ဆောင်ပေးနေမှုနှင့် သင်္ဘောများပေါ်တွင် ဧည့်သည်များ အပန်းဖြေတည်းခိုနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။



ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လာရောက်လည်ပတ်တည်းခိုကြသည့် ခရီးသွားဧည့်သည်များ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သက်ဆိုင်ရာ ဆက်စပ်ဌာနများ၏ ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရေး၊ မြစ်တွင်း အပျော်စီး ခရီးသွားလုပ်ငန်းအား ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ ပိုမိုစိတ်ဝင်စားစွာ လာရောက်လည်ပတ်နိုင်ကြစေရေးအတွက် တီထွင်ဆန်းသစ်သော အစီအစဉ်များဖြင့် အဆင့်မြှင့်တင်ဖော်ထုတ်ဆောင်ရွက်ကြရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့ပြင် ဧည့်သည်များအား ဝန်ဆောင်မှုပေးလျက်ရှိသည့် အခန်းများ အတွင်း၊ အပြင် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ စားသောက်ခန်းများ၊ Ballroom များ ပြင်ဆင်ဆောင်ရွက်ရှိမှုများနှင့် လေဟာပြင် ကုန်းပတ်တွင် ဧည့်သည်များ ရှုခင်းကြည့်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၄

မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပိုက်ကျော်ခြင်း အားကစားသမားများ တွေ့ဆုံယှဉ်ပြိုင်စေခြင်းဖြင့် အားကစားသမားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရေး၊ မြန်မာ့ပိုက်ကျော်ခြင်း အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေပြီး မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍

စာမျက်နှာ ၈ သို့ ❖



## ASEAN Hyundai Cup Championship အမျိုးသားဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်ကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၂၄

၂၀၂၆ ခုနှစ် ASEAN Hyundai Cup Championship အမျိုးသားဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲ (ဒုတိယအကျော့ပွဲစဉ်အဖြစ်) ဗီယက်နမ်အမျိုးသားလက်ရွေးစင်အသင်းနှင့် ထိုင်းအမျိုးသား လက်ရွေးစင်အသင်းတို့သည် ဩဂုတ် ၂၆ ရက် ည ၇ နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ရှိ မိုင်ဒင်းအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အဆိုပါပွဲစဉ်ကို ယင်းနေ့ည ၇ နာရီ ၁၅ မိနစ်တွင် MRTV Sports Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

သတင်းစဉ်

## ၂၀၂၆ ခုနှစ်အတွက် ဂျာမနီ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဟယ်ရီကိန်း ဆွတ်ခူး

မြူးနစ် ဩဂုတ် ၂၄

၂၀၂၆ခုနှစ်အတွက် ဂျာမနီ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူး ဟယ်ရီကိန်းက ဆွတ်ခူးခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဘိုင်ယန်မြူးနစ်အသင်းကို ဘွန်ဒက်လီဂါချန်ပီယံဆု၊ ဂျာမန်ပိုကယ်ဖလား ချန်ပီယံဆုတို့ကို ဆွတ်ခူးရရှိအောင် အကောင်းဆုံးပံ့ပိုးကူညီနိုင်မှုကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၈ ပွဲကစားပြီး ၁၄၆ ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။



အသက်(၃၃)နှစ်အရွယ်ရှိ ဟယ်ရီကိန်းက "ကျွန်တော် အခုလို ဂျာမနီရဲ့ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီဆုကို ဆွတ်ခူးနိုင်ခဲ့တာကလည်း အသင်းဖော်တွေရဲ့ ပံ့ပိုးကူညီမှုကြောင့်ပါ" ဟု ပြောသည်။

**(NGB)**

## ယနေ့မှ ဩဂုတ် ၂၈ ရက်အတွင်း နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၂၄

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "နာရာ" (NARRA)မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ၊ ဩရိဿပြည်နယ်မြောက်ပိုင်း ကမ်းရိုးတန်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၂၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊

စာမျက်နှာ ၈ သို့ ◆